# “စည်းကမ်းချမှတ်နိုင်သည့်ကာလ”

# DISCIPLINE WHILE YOU CAN

ဂျိမ်းစ်ဒေါ့ဘ်ဆန် **(James Dobson)**

## နိဒါန်း

မိသားစုတည်းသူသော သဘော်ကြီးအား မည်သည့်နေရာသို့ထိန်းကျောင်းပဲ့ကိုင် မောင်းနှင့်ရမည်ကို ကျွန်ုပ်တို့အားလမ်းညွှန်ပြသနိုင်သည့် နယ်ခြားစည်းမျဉ်းအမှတ်အသားများ ရှင်းလင်းထင်ရှားစွာ တည်ရှိရပေမည်။ သားသမီးများအား ဘေးကင်းလုံခြုံပြီး ကျန်းမာကြံ့ခိုင်စွာ ပြုစုပျိုးထောင်ရာတွင် အထောက်အပံ့ပြုမည့် လမ်းညွှန်စည်းမျဉ်း အချို့လည်းလိုအပ်ပေလိမ့်မည်။ အထူးသဖြင့် စိတ်ဓါတ်ကြံ့ခိုင်သော သားသမီးများဖြစ်ထွန်းရေးနှင့် ဆက်စပ်နေသော စည်းကမ်းချမှတ်ထိန်းသိမ်းရေး လုပ်ငန်းကိုလည်း ကျွန်ုပ်တို့ ဆောင်ရွက်ရပေလိမ့်မည်။မိသားစုအများစုတွင် လောကကြီးကိုမည်သို့ထိန်းသိမ်းကိုင်တွယ်မည်ဟူသောတိကျရှင်းလင်းသည့်စိတ်ကူးရှိပြီး စိတ်သဘောထားမတိုက်ဆိုင်သူတို့အား သည်းမခံတတ်သော သားသမီးမျိုးအနည်းဆုံးတစ်ယောက်ခန့် ထွန်းကားတတ်ကြပါသည်။

စိတ်ဓါတ်ကြံ့ခိုင်သော ကလေးငယ်သည် လိုက်လျောသဘောကောင်းသော သူ၏အစ်ကိုများထက် တီထွင်ဖန်တီးနိုင်သော စွမ်းအားနှင့် စာရိတ္တခိုင်မာမှုကို ပိုမိုပိုင်ဆိုင်လေ့ရှိသည်။ သူ၏စိတ်လိုက်မာန်ပါ ပြုမူတတ်မှုလမ်းကြောင်း ပဲ့ကိုင်မှုနှင့် ကမူးရှူးထိုးစိတ်ဓါတ်ထိန်းချုပ်မှုတို့ကို မိဘများ၏ဖြည့်ဆည်းပေးမှုများက အထောက်အကူပြုပါသည်။ အောက်ဖော်ပြပါတို့သည် ယင်းရည်ရွယ်ချက်ကိုပေါက်မြောက်စေရန် ရည်စူးပါသည်။

## ခက်ထန်၍တိကျပီပြင်မှုမရှိသောစိတ်

ခွေးတစ်ကောင်သည် သူ၏သခင်ကို တစ်ခါတစ်ရံအာခံမာန်ဖီလေ့ရှိသကဲ့သို့ ကလေးငယ်တစ်ဦးသည်လည်း အလားတူစွာပင် ထိုထက်ပို၍ အာခံလိုလေ့ရှိကြပါသည်။ စည်းကမ်းဆိုင်ရာစာအုပ်များကို ရေးသားသည့် ကျွမ်းကျင်သူပညာရှင်များက ထိုအချက်ကို အသိအမှတ်ပြုရန် ခဲယဉ်းသော်လည်း (ဝန်ခံခဲသော်လည်း) ယင်းသည် လူ့သဘာဝစရိုက်တစ်ခုကို ကိုယ်စားပြုနေခြင်းဖြစ်သဖြင့် သာမန်စူးစမ်းလေ့လာမှုတစ်ရပ်မဟုတ်ပါချေ။ မိဘအများစုနှင့် ဆရာအများစုသည် သူတို့၏ကလေးငယ်များနှင့် ပုံမှန်ရင်ဆိုင်နေကြရသည့်ရှုန်းကန်မှုများ၊ ထိပ်တိုက်ရင်ဆိုင်ရန် ခြေကုန်လက်ပမ်းကျနေကြသော စိတ်ဓါတ်တို့ကို အသိအမှတ်ပြုသည့် စာအုပ်စာတမ်းတစ်စောင်တစ်ဖွဲ့မှ ကျွန်ုပ်တို့မတွေ့ရသေးပါ။ လူကြီးများ၏ ခေါင်းဆောင်မှုကို ငယ်ရွယ်သောနောက်မျိုးဆက်တစ်ခုက စိန်ခေါ်မှုမရှိဘဲ လက်ခံခြင်းကားဖြစ်တောင့်ဖြစ်ခဲ ကိစ္စတစ်ခုပင်။

သို့သော်လည်း ကလေးငယ်များသည် အဘယ်ကြောင့်ထိုသို့ ရန်လိုကြရပါသနည်း။ ကလေးများသည် တရားမျှတမှု၊ တရားဥပဒေ၊ အမိန့်နှင့်အန္တရာယ်ကင်းသော ကန့်သတ်ချက်များကို ချစ်မြတ်နိုးသူများဖြစ်ကြကြောင်း လူတိုင်းသိရှိပါသည်။ သမ္မာကျမ်းစာတွင်ဟီးဘရူး (ဟေဗြဲ) အကြောင်းကိုရေးသားသည့် စာရေးဆရာကပင် စည်းကမ်းသတ်မှတ်ခြင်း မခံရသောကလေးတစ်ဦးသည် တရားမဝင်သောသား သို့မဟုတ် သမီးအဖြစ်ခံစားရလေ့ရှိပြီး မိသားစုကိုပင် ပိုင်ဆိုင်ခွင့်မရကြောင်း ဖော်ပြခဲ့သည်။ (Heb 12:8) ပြဿနာအားလုံးကို အေးချမ်းစွာဆွေးနွေးခြင်း ရှင်းလင်းပြောပြခြင်း ဦးခေါင်းကိုပွတ်၍ နှစ်သိမ့်မှုပေးခြင်းတို့ဖြင့် မိဘများက အဘယ်ကြောင့် မဖြေရှင်းနိုင်ကြရပါသနည်း။ ယင်းမေးခွန်း၏အဖြေကို ခွန်အားနှင့်သတ္တိ (မေတ္တာဖြင့်နှောင်ဖွဲ့ထားသောအခါ) ကိုလေးစားတတ်သည့် ကလေးများ၏ စူးစမ်းလိုစိတ်ပြင်းပြသောတန်ဖိုးစနစ်တွင် တွေ့ရှိရပါသည်။

ထိုသို့ခွန်အားနှင့်သတ္တိကို လေးစားတတ်သောတန်ဖိုးစနစ်ကပင် သူတို့၏ခေါင်းဆောင်များမည်မျှ “ခံနိုင်ရည်” ရှိကြကြောင်း ကလေးများ၏ သိလိုစိတ်ကို လှုံ့ဆော်ပေးနေပါသည်။ အဆိုပါ ခေါင်းဆောင်များ၏ သန္နိဋ္ဌာန်ခိုင်မာမှုကို အနည်းငယ်စမ်းသပ်ကြည့်လိုသောရည်ရွယ်ချက်ဖြင့် မိဘများဆိုင်ရာ စည်းကမ်းကန့်သတ်ချက်များကို ရံဖန်ရံခါနာခံခြင်း မပြုကြပေ။ ထိုသို့သော ဖီဆန်သည့်ကစားနည်းကို “အကြီးအကဲကို စိန်ခေါ်ခြင်း” ဟုခေါ်ပြီး ယင်းကစားနည်းတွင် အလွန်ငယ်သောကလေးများကပင် အံ့ဩဖွယ်ကောင်းလောက်အောင်ကျွမ်းကျင်စွာ ကစားနိုင်ကြကြောင်း တွေ့ရှိရသည်။ ဆန့်ကျင်ပုန်ကန်မှုသည် ပုဂ္ဂိုလ်ရေးဆိုင်ရာ အန္တရာယ်မျိုးစေ့ကို ပျိုးချသည်နှင့်တူ၏။ အန္တရာယ်ရောက်လာပြီး ဒုက္ခတွေ့သည့်ကာလများတွင်မူ ထိုမျိုးစေ့များမှ ဆူးပွမ်းသောနှင့်ဆီရိုင်းများ ရှင်သန်ပေါက်ဖွားလာပေတော့သည်။

တက်ဆန် (Texas) ရှိ ဟတ်စ်တန် (Houston) ရဲအဖွဲ့က ဆိုးသွမ်းလေလွင့်လူငယ်များဖြစ်အောင် မွေးမြူနည်းများ လက်ကမ်းစာစောင်တစ်ခုကို ထုတ်ဝေခဲ့သည်။

“သူလိုချင်သည့်အရာ မှန်သမျှကို မွေးကင်းစအရွယ်မှစ၍ပေးပါ။ ညစ်ညမ်းသောစကားများကို သင်ယူပြောဆိုလျှင် သူ့အားရယ်မောပြပါ။ စိတ်ဓါတ်ဆိုင်ရာ ဆုံးမသွန်သင်လေ့ကျင့်မှု ဘယ်တော့မှမပေးပါနှင့်။ သူ့အသက် ၂၁နှစ်အရွယ်အထိစောင့်ပြီး သူ

ကိုယ်တိုင်အတွက် သူ့ဘာသာဆုံးဖြတ်ခွင့်ပေးပါ။ "မှားသည်" ဟူသောစကားကို မသုံးပါနှင့်။ ထိုအတွက် သူ့တွင်အမှားနှင့်အမှန် ခွဲခြားနိုင်စွမ်းမရှိသော ရှုတ်ထွေးစိတ်ဖြစ်ပေါ်လာလိမ့်မည်။ သူ၏ကိစ္စမှန်သမျှကို ဖြည့်ဆည်းပေးခြင်းဖြင့် သူ၏တာဝန်မှန်သမျှကို အခြားသူများအားလွှဲချတတ်သော အကျင့်ရပါလိမ့်မည်။ သူနှင့်လက်လှမ်းမီသမျှသော ပုံနှိပ်ထားသည့် ကိစ္စများကိုဖတ်ပါစေ။

သူ၏မျက်မှောက်တွင် မကြာခဏရန်ဖြစ်ပါ။ မိသားစုပြိုကွဲသွားလျှင်သော်မှ သူတုန်လှုပ်လိမ့်မည်မဟုတ်ပါ။ သူဖြုန်းတီးရန်လိုအပ်သော ငွေကြေးမှန်သမျှပေးပါ။ ဓနဥစ္စာများကို သင်ခဲယဉ်းပင်ပန်းစွာ ရှာဖွေရယူရသကဲ့သို့ သူပင်ပန်းစွာရှာဖွေရမည်မဟုတ်ပါ။ ထိုနောက် တစ်သက်လုံး သင်တွေ့ကြုံခံစားရမည့် သောကများအတွက် ကြိုတင်ပြင်ဆင်ထားပေးတော့။"

…………………………………………………………………

မိဘတစ်ဦးသည် သူ၏ကလေးငယ်၏ ဖီဆန်စိန်ခေါ်မှုကို ထိပ်တိုက်ရင်ဆိုင်ရန် ငြင်းဆန်လျှင်၎င်းတို့၏ ဆက်ဆံရေးတွင် တစ်ခုသော အပြောင်းအလဲ ဖြစ်နေတတ်သည်။ ကလေးငယ်က သူ၏မိခင်ဖခင်တို့ကို မထီမဲ့မြင်ကြည့်စပြုလာသည်။ သူတို့သည် သူ၏သစ္စာစောင့်သိမှုနှင့် မထိုက်တန်ဟူ၍ ယူဆစပြုလာသည်။ ပို၍အရေးကြီးသည်မှာ သူတို့ကသူ့အား တကယ်ချစ်လျှင် အဘယ်ကြောင့်ဤသို့အန္တရာယ်ရှိသော ကိစ္စများကိုပြုလုပ်ခွင့်ပေးထားသနည်းဟု အံ့သြလာခြင်းဖြစ်ပါသည်။ ကလေးဘဝ၏ အဆုံးစွန်လေးနက် မှန်ကန်မှုမှာ ယောကျ်ားလေးများနှင့် မိန်းကလေးများက သူတို့မိဘများ၏ ဦးဆောင်လမ်းပြမှုကို ခံယူချင်ကြပါသည်။ သို့သော် မိဘများကသူတို့အား ဦးဆောင်လမ်းပြခွင့်ကို အခွင့်အရေးယူသည်ဟု စွဲမြဲမှတ်ယူကြခြင်း ဖြစ်သည်။

ပွင့်လင်း၍အမှီအခိုကင်းသော ကလေးတစ်ဦး၏ မိဘများကိုကျွန်ုပ်ပေးနိုင်သော အရေးကြီးဆုံးအကြံပြုချက်မှာ သူ၏စိတ်ထားကိုငယ်ရွယ်စဉ်ကာလများကတည်းကပင် စတင်ပုံစံသွင်းရန် အရေးကြီးကြောင်းကို သတိပြုကြရန် ဖြစ်ပါသည်။ ထိုအယူအဆကို သက်သေပြရန်ခက်ခဲလိမ့်မည်ဟု ကျွန်ုပ်ရိုးသားစွာ ယုံကြည်မိသော်လည်း နာခံမှုမရှိသော ကလေးတစ်ဦးသည် သူ၏အနာဂတ်ဘဝတွင် လူမှုကျင့်ဝတ်နှင့် ဆန့်ကျင်သော အပြုအမူများဖြစ်ပွားလာရန် အရဲစွန့်သည့်သဘော သက်ရောက်နေသည်မှာ သေချာလှပါသည်။ သူ၏အပြုအမူ အကျင့်စရိုက်အားလုံး လက်ခံနိုင်ဖွယ်မရှိဟု ဆိုလိုခြင်းမဟုတ်သည်ကိုလည်း အလေးအနက်ထား၍ ပြောပြလိုပါသည်။ စိတ်ဓါတ်ကြံ့ခိုင်သော ကလေးတစ်ဦးသည် တိုးတက်သောဘဝတစ်ခုအတွက် သူ၏လက်ရည်တူများထက် ပို၍စာရိတ္တခိုင်မာပြီး စွမ်းအားပို၍ကြီးမားကြောင်း ပေါ်လွင်ပါသည်။ မည်သို့ဖြစ်စေကာမူ ထိုစွမ်းအားကို သတိပြုမိရေးမှာ မူလကတည်းကပင် တည်ဆောက်ထားသော စည်းကမ်းခိုင်မြဲပြီး ချစ်မြတ်နိုးတတ်သော မိသားစုဝန်းကျင်ပေါ်တွင် မူတည်ပါသည်။ ထိုကြောင့်ပင် "ထိုကလေးမျိုး၏ စိတ်ထားကိုမတ်တတ်ပြေးစအရွယ် ကတည်းကပင် စတင်ပုံစံသွင်းပါဟူသော ကျွန်ုပ်၏သတိပေးစကားကို ထပ်တလဲလဲဆိုရခြင်း ဖြစ်ပါသည်။ (ထိုစိတ်သဘောထားကို နင်းခြေပြစ်ရန် သို့မဟုတ် ငြိမ်းသတ်ပြစ်ရန် အကြံမပြုခြင်းကို သတိပြုပါ။)

## နာခံမှုမရှိခြင်း သို့မဟုတ် တာဝန်မဲ့ခြင်း

**မေးခွန်း။** တမင်သက်သက်နာခံမှု မရှိခြင်းနှင့် ကလေးဆန်သော တာဝန်မဲ့တို့အကြား ကွဲပြားခြားနားမှုကို ကောင်းစွာသဘောမပေါက်ပါ။ ရှင်းပြနိုင်ပါမည်လား။

**အဖြေ။** တမင်သက်သက်နာခံမှုမရှိခြင်း ဆိုသည်မှာ အဆိုပါစကားတွင်ပါဝင်နေသကဲ့သို့ ခိုင်မာစွာဆုံးဖြတ်ထားသော မနာခံမှုပင်ဖြစ်သည်။ ကလေးငယ် မိဘများ၏မျှော်မှန်းချက်ကို သိရှိနေပြီး ယင်းမျှော်မှန်းချက်နှင့် ဆန့်ကျင်သောမိုက်မဲသည့် အပြုအမူကို ပြုလုပ်ရန် ရွေးချယ်ခြင်းဖြစ်သည်။ အတိုချုပ်အားဖြင့် မိဘသဖွယ် ဦးဆောင်လမ်းပြမှုကို လက်ခံရန်ငြင်းပယ်ခြင်းပင် ဖြစ်သည်။ ဥပမာ ခေါ်လျှင်အဝေးသို့ ထွက်ပြေးခြင်း စော်ကားမော်ကား အော်ဟစ်ပြောဆိုခြင်း အတိအလင်းမနာခံသော အပြုအမူများပြုလုပ်ခြင်း စသည်တို့ဖြစ်ပါသည်။ အပြန်အလှန်အားဖြင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ကလေးဆန်သောတာဝန်မဲ့မှု ဆိုသည်မှာ မေ့လျော့ခြင်း၊ မတော်တဆဖြစ်ခြင်း၊ မှားယွင်းခြင်း၊ အာရုံစူးစိုက်နိုင်သည့် ကာလတိုတောင်းခြင်း၊ စိတ်ရှုတ်ထွေးမှုကို သည်းခံနိုင်စွမ်း နည်းပါးခြင်း၊ မရင့်ကျက်ခြင်း စသည်တို့ကြောင့် တာဝန်ချို့ယွင်းမှုဖြစ်ခြင်းကို ဆိုပါသည်။ ပထမဥပမာတွင် ကလေးငယ်က သူမှားကြောင်းသိသည့်ပြင် ထိုကိစ္စအတွက်သူ၏ မိဘများမည်သို့ အရေးယူဆောင်ရွက်မည်ကို စောင့်ကြည့်နေခြင်းဖြစ်သည်။ ဒုတိယဥပမာတွင် ကလေးငယ်က ဖြစ်လာမည့် အကျိုးဆက်ကို ရည်ရွယ်ထားခြင်းမရှိဘဲ ရိုးသားစွာမှားယွင်းခြင်းဖြစ်သည်။ တာဝနမဲ့မှုကြောင့် ကိုယ်ခန္ဓာကို ရိုက်နှက်အပြစ်ပေးခြင်းသည်မှန်ကန်မှုမရှိဟု ကျွန်ုပ်ယုံကြည်ပါသည်။ (ကလေးငယ်က လက်ခံရန်ငြင်းပယ်ခြင်းမဟုတ်လျှင်) ကလေးငယ်များ၏ အနာဂတ်ဘဝတွင် ဘုရားသခင်ကို နာခံရေးအတွက် ကြိုတင်ပြင်ဆင်ပေးသည့်အနေဖြင့် ကျွန်ုပ်တို့၏ဦးဆောင်လမ်းပြမှုကို လိုက်နာရန် ကလေးငယ်များအားသင်ကြားပေးရပါမည်။

…………………………………………………………………

သင်၏ကလေးငယ်များအား စည်းကမ်းသတ်မှတ်မှုမရှိလျှင် ကလေးငယ်များတွင် သင်စိုက်ပျိုးခဲ့သမျှကိုသာ သင်အတိအကျ ရိတ်သိမ်းရပေမည်။ မိဘတစ်ဦးဖြစ်သော သင်၏တာဝန်ကား "သူငယ်သွားရာလမ်း၀၌ ဆုံးမသွန်သင်လော့။" (သုတ္တံကျမ်း ၂၂း၆)

………………………………………………………………………

## စိတ်သဘောထားကို ပုံသွင်းခြင်း (အသက်အရွယ်အုပ်စုလိုက်အတွက်)

**မေးစမှ ၇လအထိ။** ကလေးငယ်တစ်ဦးသည် ဖလသားရောက်လာသောအခါ သင်ကသူ့အား မပြုလုပ်ရန်တားမြစ်သည့် ကိစ္စတစ်ခုကိုပြုလုပ်ခြင်းအတွက် ကလေးငယ်ကို ရံဖန်ရံခါရိုက်နှက်ခြင်း (အထူးသဖြင့် လက်ဖ၀ါးကိုရိုက်ခြင်း)ဖြင့် ထားမြစ်နိုင်ပါသည်။ ထိုအရွယ်တွင် သူတို့သည် နောက်ကွယ်ရှိအကြောင်းရင်းကို နားမလည်သော်လည်း "မ…ဘူး" ဟူသောစကား၏ အဓိပ္ပါယ်ကို လုံး၀နီးပါး နားလည်လေ့ရှိကြပါသည်။ ဥပမာ သူသည်သင့်မျက်မှန်ကို ဆွဲချွတ်လိုက်သည်။ မျက်မှန်ကွဲသွားမည်ဖြစ်၍ သူမဆွဲသင့်ကြောင်း နားမလည်နိုင်သော်လည်း "မ…ဘူး" ဟူသောစကားကို သူနားလည်နိုင်သည့်ပြင် သူမနာခံလျှင်လည်း သူ၏မနာခံမှုကို သတိထားမိနိုင်ပါသည်။ သို့သော အတွင်းခံအနီးလဲပေးသဖြင့် တွန့်လိမ်နေခြင်း သို့မဟုတ် ညသန်းကောင်အချိန်ထ၍ ငိုခြင်းတို့ကြောင့် ဖလသားကလေးငယ်တစ်ဦးအား ရိုက်ခြင်းသည်ကား ကြီးမားသောမှားယွင်းမှု တစ်ခုဖြစ်သည်။ ဤအရွယ်ကလေးငယ်များအားလုံးနီးနီးပင် သူတို့အား ထွေးပွေ့ရန် ချစ်မြတ်နိုးရန်လိုအပ်ကြပါသည်။ ပို၍အရေးကြီးသည်မှာ ငြင်သာသောချော့မြူသံကို သူတို့ကြားသိစေရေးပင်ဖြစ်သည်။ သူဆာလောင်သောအခါ ကျွေးမွေးရပါမည်။ သူ့အားသန့်ရှင်း ချောက်သွေ့စွာ နွေးထွေးစွာထားရပါမည်။

အခြားတစ်ဘက်တွင် ကလေးတစ်ဦးအား တအီအီငိုသည့်အခါတိုင်း သို့မဟုတ် တဟင်းဟင်းအော်သည့်အခါတိုင်း အလျှင်အမြန်ပွေ့ချီခြင်းဖြင့် ဂျီကျ၍တောင်းဆိုတတ်သောကလေးတစ်ဦး ဖြစ်လာအောင် ဖန်တီးသကဲ့သို့ ဖြစ်လာနိုင်ပါသည်။ အကျိုးကျေးဇူးတစ်ခုရရှိစေသည့် အပြုအမူတစ်ခုကို ထပ်တလဲလဲပြုလုပ်ခြင်းဟူသော အားကူဖြည့်နည်းဖြင့် မိဘများကောင်းစွာ လှုံ့ဆော်နိုင်စွမ်းကို ကလေးများအပြည့်အ၀ လေ့လာသင်ယူတတ်ကြပါသည်။ ထို့ကြောင့် ကျန်းမာယုယမှုကို တစ်ရက်( တစ်ညလျှင် ၁၂နာရီခန့် ရရှိအောင် ထိန်းသိမ်းထားနိုင်စွမ်း ရှိကြပါသည်။ အဆိုပါ အကျိုးဆက်ကို ရှောင်ကြဉ်ရေးအတွက် သင်၏ကလေးငယ် လိုအပ်သောအလေးပေးမှုကိုဖြည့်ဆည်းခြင်းနှင့် မသိမသာထိန်းချုပ်မှုကို တည်ဆောက်ခြင်းတို့အကြား ဟန်ချက်မျှအောင်ဆောင်ရွက်ရန် အရေးကြီးပါသည်။

ဤသို့အလိုဆန္ဒများသော ကလေးဆိုးတစ်ဦးသည် ဖန်ဆင်းရှင်ဘုရားသခင်၏ နှလုံးသားထဲတွင် အဆုံးမဲ့ဝိညာဉ်နှင့် အထူးအလေးပေးခံရသော တွေးခေါ်မြော်မြင်တတ်ပြီး ချစ်ခြင်းမေတ္တာထားတတ်သော လူသားတစ်ဦးအဖြစ်သို့ ကြီးပြင်းလာရပေလိမ့်မည်။ ထို့ကြောင့် ခြေကုန်လက်ပန်းကျပြီး အခက်အခဲများနှင့် တွေ့ကြုံရသော မိခင်အသစ်တစ်ဦးအား "ဆက်၍ကြိုးစားပါ။ သင်သည် စကြာ၀ဠာကြီးအတွင်း အရေးကြီးဆုံးသော တာဝန်တစ်ခုကို ထမ်းဆောင်နေခြင်း ဖြစ်ပါသည်" ဟုတိုက်တွန်းအားပေးပါရစေ။

**၈လမှ ၁၄လအထိ။** ကလေးများစွာတို့သည် မိဘများ၏အခွင့်အာဏာကို ဒုတိယ ၇ လအရွယ်တွင် စတင်စမ်းသပ်စ ပြုလာကြပါလိမ့်မည်။ ထိပ်တိုက်တွေ့ကြုံမှုများသည် အသေးအဖွဲသာဖြစ်ပြီး တစ်နှစ်ပြည့်သည့်နေ့ (ပထမဦးဆုံးမွေးနေ့) အထိမကြာခဏ ပေါ်ပေါက်တတ်သည့်တိုင် အနာဂတ်ဘ၀တွင် တွေ့ကြုံရမည့်ရုန်းကန်လှုပ်ရှားမှုများ၏ အစပင်ဖြစ်ကြောင်း သိမြင်နိုင်ပါသည်။

………………………………………………………………………

သင်ချမှန်သောစည်းကမ်းများနှင့် အပြစ်ဒဏ် သို့မဟုတ် စီရင်ချက်သည် စိတ်ဓါတ်ကိုပြုပြင်သည့် သဘောမျိုးသက်ရောက်ပါစေ။ လိုက်နာရန်ခက်ခဲလွန်းခြင်း သို့မဟုတ် ပြင်းထန်လွန်းခြင်း မရှိစေရန် သတိပြုပါ။ ထို့ပြင် ဆုတောင်းမေတ္တာပို့သခြင်းမပြုဘဲ အပြစ်ဒဏ်ကို ဒေါသနှင့်ချမှတ်မိပါစေနှင့်။

………………………………………………………………………

မိဘတစ်ဦးသည် တစ်နှစ်သားကလေးတစ်ဦးကို မည်ကဲ့သို့စည်းကမ်းချမှတ်မည်နည်း။ အလွန်သတိထားပါ။ အလွန်သိမ်မွေ့ပါ။ ထိုအသက်အရွယ်ရှိ ကလေးငယ်တစ်ဦးသည် အလွန့်အလွန်စိတ်ရှုတ်လွယ်ပြီး အလွန့်အလွန်လမ်းကြောင်း ပြောင်းလွယ်တိမ်းညွှတ်လွယ်ပါသည်။ သူ၏လက်ထဲမှ ကြွေထည်ပစ္စည်းကို ရုတ်တရက်ဆွဲယူခြင်းထက် အရောင်တောက်ပသော အခြားပစ္စည်းတစ်ခုကိုပြပါ။ ထိုနောက် သူ၏လက်မှလွတ်ကျလာမည့် ကြွေပန်းကန်ကို ဖမ်းရန်အသင့်ပြင်ဆင်ထားပါ။ မလွှဲမရှောင်သာ၍ ထိပ်တိုက်ရင်ဆိုင်မှု ဖြစ်သည်ဆိုပါက ဖွဲခိုင်ခိုင်ထား၍ အနိုင်ယူပါ။ နောက်ဆုံးဖြေရှင်းမှုအဖြစ် လက်ဝါးပြင်ကိုတစ်ချက်လောက် ရိုက်လိုက်ပါ။ ကလေးငယ်မျက်ရည်ကျလာသည်ကို မစိုးရိမ်ပါနှင့်။ သို့မဟုတ်ပါက တစ်ရေးအိပ်ချိန် သို့မဟုတ် ညအိပ်ရာဝင်ချိန် သို့မဟုတ် ရေချိုးချိန်တို့တွင် ငြင်းဆန်ရှောင်လွှဲရန် အသုံးပြုသည့် လက်နက်ကောင်းတစ်ခု ဖြစ်လာပါလိမ့်မည်။ ကြမ်းတမ်းခက်ထန်မှု မရှိဘဲ ကြမ်းခက်ထန်သည့် သဘောမသက်ရောက်စေဘဲ ကလေးငယ်အားရှေ့ဆောင်ရှေ့ရွက်ပြုရန် သတ္တိရှိပါစေ။

**၁၅လမှ ၂၄လအထိ။** လူသားအားလုံးကို အမျိုးအစားကြီး ၂ခုအဖြစ် ခွဲခြားနိုင်စပြုလာပြီဖြစ်ကြောင်း ဘ၀၏အမျိုးမျိုးသော အဆိုပြုချက်များကို "ဟုတ်ကဲ့" (Yes) ဟုဆန္ဒပြုမည့်သူများနှင့် "ဟင့်အင်း" (No) ဟုဆန္ဒပြုမည့်သူများပင် ဖြစ်ကြောင်းပြောကြားလျက်ရှိကြပါသည်။ ကမ္ဘာပေါ်ရှိ မတ်တတ်ပြေးစ ကလေးတိုင်းလိုလိုပင် "ဟင့်အင်း" ဟူသောဆန့်ကျင်ဘက်ဆန္ဒပြုရန် တိကျစွာဦးတည်လေ့

ရှိကြသည်ကို ကျွန်ုပ်ယုံကြည်စွာ ပြောနိုင်ပါသည်။ အသက်၁၅လမှ ၂၄လအကြား ကာလကိုထူးခြားထင်ရှားစေသော စကားလုံးတစ်လုံး ရှိသည်ဆိုပါက အဆိုပါစကားလုံးမှာ "ဟင့်အင်း" ပင်ဖြစ်ပါသည်။ ဟင့်အင်း သူအစားအစာမစားချင်ပါ။ ဟင့်အင်း သူကစားစရာနှင့် မကစားချင်ပါ။ ဟင့်အင်း သူအိပ်ရာဝင်ချိန်တွင် မအိပ်ချင်ပါ။

မတ်တတ်ပြေးစကလေးများနှင့် တွေ့ကြုံရတတ်သည့် ဖိအား/သောကအချို့ကို ပြေပျောက်လိမ့်မည်ဟု မျှော်လင့်ရသော စည်းကမ်းသတ်မှုဆိုင်ရာ အကြံပြုချက်အနည်းငယ်ကို ကျွန်ုပ်တင်ပြပါရစေ။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်မအရင်စလိုပြောပြရမည်မှာ ဤသို့သော ထိန်းမနိုင်သိမ်းမရ ကာလ၏ဆန့်ကျင်ဘက်ပြုလိုသော သဘောထားမှာ ပုံမှန်သဘာဝဖြစ်ရုံမျှမက ကြံ့ခိုင်ကျန်းမာသော သဘာဝဖြစ်သည့်ပြင် ၁၈လသားကလေးငယ်တစ်ဦးအား ၅နှစ်သားကလေးတစ်ဦးကဲ့သို့ ပြုမူတတ်အောင် မည်သည့်အရာကမျှ စွမ်းဆောင်နိုင်မည်မဟုတ်ကြောင်း နားလည်ထားရန် ဖြစ်ပါသည်။

ရှေးဦးစွာ ထင်ရှားသောအကြောင်းကိစ္စရပ်များအတါက် စည်းကမ်းသတ်မှတ်ရေးတွင် ဖခင်မျိုးကူညီပံ့ပိုးရေးနှင့် ဖြစ်နိုင်ပါက မိဘဘဝလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရေးတို့အတွက် အထူးပင်အရေးကြီးလှပါသည်။

စိတ်ဓါတ်ကြံခိုင်သော သို့မဟုတ် ဖွဲ့ကြီးသောကလေးတစ်ဦး၏ သီးခြားစည်းကမ်းများနှင့်ပတ်သက်၍ ၁၅လနှင့် ၁၈လအကြား အရွယ်တွင် ပေါ့ပါးသော ရိုက်နှက်ဆုံးမမှုကို စတင်ဆောင်ရွက်နိုင်ပါသည်။ မနာခံသောကိစ္စရပ်များအတွက်သာ ရံဖန်ရံခါအသုံးပြုရပါမည်။

နာကြင်အောင်ရိုက်နှက်သင့်ပါသလား။ နာကြင်အောင်ပင် ရိုက်နှက်သင့်ပါသည်။ သို့မဟုတ်ပါက ထိရောက်မည်မဟုတ်ပါ။ အတွင်းခံအနီးစို ၃ထပ်ရှိသောတင်ပါးကို တစ်ချက်ရိုက်ရုံမျှဖြင့် အရာရောက်မည် မဟုတ်ပါ။ကလေးငယ်တစ်ဦးအား မနာမကြင် ခပ်ဆတ်ဆတ်ရိုက်ခြင်းကြောင့် ရေရှည်မှတ်မိနိုင်ပါသည်။ သို့သော် ကြာပွတ် သို့မဟုတ် ကြိမ်လုံးဖြင့်ရိုက်ရန်မလိုအပ်ပါ။ ခြေသလုံး သို့မဟုတ် တင်ပါးကို ခပ်ဆတ်ဆတ် ၂ချက် ၃ချက်ရိုက်လျှင်ပင် လုံလောက်ပါသည်။ "ငါပြောတာနားထောင်ရမယ်" ဟူသောစကားကို သဘောပေါက်စေပါသည်။ မနာခံမှု ငြင်းဆန်မှုဖြစ်ပြီး ချက်ချင်းရိုက်နှက်အပြစ်ပေးရန် အရေးကြီးသည်။ သို့မဟုတ် မရိုက်ဘဲထားလိုက်ပါ။ တရားမျှတမှုကို ထိန်းသိမ်းစီမံရာတွင် နှောင့်နှေးကြန့်ကြာမှုအတိုင်းအတာကို ကလေးတစ်ဦး အထူးသဖြင့်မတ်တတ်ပြေးစကလေးတစ်ဦး၏ မှတ်ဉာဏ်က ၁၀မိနစ်စာမျှပင် ခွင့်လွှတ်နိုင်စွမ်းမရှိပါ။ ဆိုလိုသည်မှာ ငြင်းဆန်မှုဖြစ်ပြီးနောက် ထိုက်တန်သည့်အပြစ်ပေးမှုကို ၁၀မိနစ်အတွင်းဆောင်ရွက်ပါ။ ဆုံးမပြီးပါက မျက်ရည်ကျလာမည်။ ပြီးလျှင် ဖခင် သို့မဟုတ် မိခင်ကသူ့အား ချစ်မြတ်နိုးဆဲဖြစ်ကြောင်း သေချာစေရန် ပွေ့ဖက်ခံယူလိုလာပါသည်။ ပွေ့ဖက်၍ဘေးကင်းလုံခြုံမှုဖြင့် လွှမ်းခြုံပေးပါ။ ဖြည်းညှင်းစွာ လှုပ်ရမ်းပေးပါ။ သူ့ကိုမည်မျှချစ်ကြောင်း ပြောပါ။ သူသည်အဘယ်ကြောင့် "ဖေဖေပြောသလိုလုပ်ရမည်" ကိုရှင်းပြပါ။ ထိုအခိုက်အတန့်သည် တစ်နေ့တာလုံးအတွက် အရေးကြီးဆုံးကာလဖြစ်ပါသည်။

သဘာဝအတိုင်းဖြစ်တတ်သော အပြုအမူနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့လာသင်ယူရန်လိုအပ်သော အပြုအမူတို့အတွက် ကလေးများအား ရိုက်နှက်၍အပြစ်ပေးခြင်းမပြုရန် မိဘများအား သတိပေးလိုပါသည်။ ဥပမာ ၎င်းတို့၏ပတ်ဝန်းကျင်ကို စူးစမ်းရှာဖွေလိုမှုသည် အသိဉာဏ်ကို လှုံ့ဆော်နှိုးဆွရေးတွင် အလွန်အရေးကြီးပါသည်။ လူကြီးများဖြစ်ကြသော သင်နှင့်ကျွန်ုပ်တို့သည် အဖိုးမတန်သောလက်ဝတ်လက်စား တစ်ခုကိုကြည့်ပြီး မျက်မြင်စစ်ဆေးကာ လိုအပ်သောသတင်းအချက်အလက်များရရှိ အောင်ရှာဖွေကြပါလိမ့်မည်။ မတ်တပ်ပြေးစကလေးငယ်သည်လည်း ထိုပစ္စည်းကိုကောက်ယူမည်။ လျှာဖြင့်တို့ကြည့်မည်။ နမ်းကြည့်မည်။ လေထဲသို့မြှောက်ကြည့်မည်။ နံရံကိုပစ်ပေါက်ကြည့်မည်။ ထိုပစ္စည်းထိမှန်၍ ကွဲကျသွားသောအသံကို နားထောင်ကြည့်မည်။ ဤဖြစ်စဉ်တွင် ကမ္ဘာမြေကြီး၏ဆွဲငင်အား သဘောမျက်နှာပြင်တို့၏ ချောမွေ့မှုနှင့်ကြမ်းတမ်းမှု ဆန့်ကျင်ဘက်သဘာဝ ဖန်/မှန်ပစ္စည်းတို့၏ ကြွတ်ဆတ်သော သဘောတရားတို့နှင့် မိခင်၏ဒေါသကို နှိုးဆွစေသောကိစ္စများ စသည်တို့ကို ကလေးငယ်လေ့လာသင်ယူရရှိပေသည်။

ဤသို့ဆိုခြင်းဖြင့် ကလေးငယ်အား သူ၏နေအိမ်နှင့်အိမ်ထဲရှိပစ္စည်းများအားလုံးကို ဖျက်ဆီးခွင့်ပေးရန် အကြံပြုရာရောက်နေပါသလော။ မဟုတ်ပါ။ ကလေးငယ်၏လက်များကို ထိန်းချုပ်၍သူ၏စူးစမ်းစိတ်ကို ပိတ်ပင်ခြင်းလည်းမဟုတ်ပါ။ အကယ်၍ ကွဲရှတတ်သော အန္တရာယ်ရှိတတ်သော ပစ္စည်းများရှိပါက ယင်းတို့ကိုကလေးငယ်နှင့် လွတ်ကင်းသောနေရာသို့ မိဘများကပြောင်းရွှေ့သိမ်းဆည်းထားသင့်ပါသည်။

**၂နှစ်သားမှ ၃နှစ်သားအထိ။** ၂နှစ်သားအရွယ်ကလေးငယ်များ၏ စိတ်ပျက်ဖွယ်အကောင်းဆုံး အသွင်အပြင်များမှာ ဝတ္ထုပစ္စည်းများကို ဖိတ်စင်သွန်မှောက်ခြင်း၊ ဖျက်ဆီးခြင်း၊ မတည့်သော မစားကောင်းသော အစားအစာများကိုစားခြင်း၊ ဝတ္ထုပစ္စည်းများလွတ်ကျ လွှတ်ချခြင်း၊ အရည်စသည်ပစ္စည်းများကို ဖျန်းခြင်း သွန်ခြင်း၊ အားလုံးသွန်မှောက်ပြစ်ခြင်း၊ ပစ္စည်းများကိုစိတ်ဝင်စားခြင်းစသည်တို့ ပင်ဖြစ်သည်။ နေ့လည်စာစားချိန်တွင် အနီးတွင်လူတစ်ဦးရှိနေပါလျက် နာချေခြင်းကဲ့သို့သော စိတ်ပျက်ဖွယ် အပြုအမူများကိုလည်း ပြု တတ်လေ့ရှိသည်။ အဆိုပါ မတ်တတ်ပြေးစအရွယ်များအတွင် စက္ကန့် ၃၀ထက်ပိုသော မဖော်ပြတတ်သည့် တိတ်ဆိတ်ငြိမ်သက်နေခြင်း မျိုးကလည်း လူကြီးများကိုအထိတ်တလန့် ဖြစ်စေတတ်သည်။

သင်၏ကိုယ်ပိုင်မြော်မြင်ဉာဏ်ကို ထိန်းသိမ်းနိုင်ရေးအတွက် အဆိုပါ ၂နှစ်သား ၃နှစ်သားအရွယ်ကလေးများနှင့် ပတ်သက်၍ လိုက်လျောတတ်သောစိတ်ကို မွေးမြူရပေမည်။ သို့ရာတွင် နာခံမှုနှင့် အခွင့်အာဏာကိုလေးစားမှုရှိစေရန် စိမ့်ဝင်အောင်ဆောင်ရွက်ရမည့်လုပ်ငန်းကိုမူ ဆက်လက်လုပ်ဆောင်ရပါမည်။ မတ်တတ်ပြေးစကလေးများသည် ထိပ်တိုက်ရင်ဆိုင်မှုများနှင့် ပဋိပက္ခများကို စော

စောကတည်းက အနိုင်ရရှိသွားလျှင် လာမည့်၂နှစ် ၃နှစ်သားအရွယ်များတွင် သူတို့အားကိုင်တွယ်ရန် ပိုမိုခက်ခဲလာလိမ့်မည်။ ထို့နောက် သူ၏စိတ်တွင် အခွင့်အာဏာကို တစ်သက်တာမလေးစားလိုမှုက စတင်ခိုင်မာလာပေလိမ့်မည်။ ထို့ကြောင့် သင်၏ကလေးငယ် ၄၈လ မပြည့်မီအတွင်း သင်၏ကလေးငယ်အား ထူးခြားသောအကြောင်းတရားနှစ်ရပ်ကို သင်၏ကလေးငယ်တွင် စိမ့်ဝင်အောင် ရိုက်သွင်းရန် အရေးကြီးပုံကို ကျွန်ုပ်လွန်ကဲစွာအလေးအနက်ပြု မပြောနိုင်ပါ။ ယင်းတို့မှာ ၁။ “သားနားလည်နိုင်စွမ်းရှိတာထက်ပိုပြီး သားကိုချစ်တယ်။ သားဟာမေမေ့အတွက် အဖိုးတန်ရတနာလေးပါပဲ။ ပြီးတော့ ဒီလိုအဖိုးတန်သားလေးကို မွေးမြူခွင့်ပေးတဲ့ ဘုရားသခင်ကိုလည်း ကျေးဇူးတင်ပါတယ်။” ၂။ “သားကိုချစ်တဲ့အတွက်ကြောင့် မေမေ့စကားနားထောင်အောင် သင်ပေးရမှာဘဲ။ ဒါဟာ သားကိုထိခိုက်စေမယ့်ဘေးအန္တရာယ်တွေ မကျရောက်အောင် ကာကွယ်စောင့်ရှောက်ပေးနိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းပဲဖြစ်တယ်။ သမ္မာကျမ်းစာက မေမေတို့ကို ဘယ်လိုဆုံးမထားသလဲဆိုတာ ဖတ်ကြည့်ရအောင် – “သားသမီးတို့ ဘုရားသခင်၏အလိုတော်နှင့်အညီ မိဘစကားကို နားထောင်ကြလော့။ မိဘစကားကို နားထောင်ခြင်းအမှုသည် ကောင်းသောအမှုဖြစ်၏။” (ဧဖက်သြဝါဒစာ ၆း၁) ”

ခိုင်မာမြဲမြံသော မိဘသဖွယ်ပြုစုစောင့်ရှောက်မှုကို ချစ်ခြင်းမေတ္တာနှင့် ထိန်းချုပ်မှုဟူသော မရှိမဖြစ်လိုအပ်သည့် အချက်နှစ်ရပ်ကိုစစ်ဆေးခြင်းနှင့် ဟန်ချက်ညီမျှမှုဟူသော စနစ်ဖြင့်ဆောင်ရွက်ရမည်ဟု အနှစ်ချုပ်ဖွင့်ဆိုနိုင်ပါသည်။ ထိန်းချုပ်မှုမရှိဘဲ ချစ်ခြင်းမေတ္တာတစ်ခုတည်းကိုသာ အလေးပေးခြင်းဖြင့် မလေးစားမှုနှင့် အထင်အမြင်သေးမှုတို့ကို ပေါက်ဖွားလာစေပါသည်။

အထူးသဖြင့် မိုက်မဲသော၂နှစ် ၃နှစ်သားကလေးတစ်ဦးကို မည်သို့စည်းကမ်းသတ်မှတ်မည်နည်း။ ဖြစ်နိုင်ချေရှိသော ချဉ်းကပ်မှုတစ်ခုမှာ အဆိုပါကလေးငယ်အား ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ခိုင်း၍ သူ/သူမပြုလုပ်ခဲ့သမျှကို စဉ်းစားခိုင်းခြင်းဖြစ်သည်။ အဆိုပါအရွယ်ကလေးငယ် အများစုသည် စွမ်းအားဖွံ့ဖြိုးသောအရွယ်ဖြစ်ပြီး သူတို့၏အငြိမ်မနေတတ်ဘဲ လှုပ်ခါနေတတ်သည့် တင်ပါးကိုကုလားထိုင်ပေါ်တွင် ကပ်ပြီး၁၀မိနစ်မျှ ငြိမ်ငြိမ်ထိုင်နေရသည်ကို အလွန်စက်ဆုပ်တတ်ကြပါသည်။ အချို့သောကလေးငယ်များအတွက် ထိုသို့အပြစ်ပေးခြင်းသည် ရိုက်နှက်အပြစ်ပေးခြင်းထက် ပိုမိုထိရောက်ပြီး တာရှည်စွဲမြဲစွာ မှတ်မိစေပါသည်။

.......................................................................

ကလေးငယ်၏ စည်းကမ်းသည် သူ၏သီးခြားလိုအပ်ချက်များအတွက် သူ၏တစ်ကိုယ်ရည် ကိုယ်ရည်ကိုယ်သွေးအတွက် ပြည့်စုံရမည်။ စည်းကမ်းအများစုသည် ကလေးသူငယ်အပေါ်တွင် အမှီပြုပြီး ကလေးသူငယ်ပြီးစီးရမည့် ကိစ္စပေါ်တွင်အခြေပြုနေသည်။

.......................................................................

**၄နှစ်သားမှ ၈နှစ်သားအထိ။** ကလေးတစ်ဦးသည် ၄နှစ်သားအရွယ်သို့ ရောက်သောအခါ စည်းကမ်းသတ်မှတ်ရေးကို သူ၏အပြုအမူကိုသာမက အဆိုပါအပြုအမူကို လှုံ့ဆော်ပေးသည့် သဘောထားကိုပါအလေးထား လုပ်ဆောင်သင့်ပါသည်။ ကိုယ်ရည်ကိုယ်သွေးကိုပုံသွင်းသည့်လုပ်ငန်းသည် သီးခြားကလေးတစ်ဦး၏ အခြေခံစိတ်ထားပေါ်မူတည်၍ ပုံမှန်အားဖြင့် လွယ်ကူသည်ရှိသလို ခက်ခဲမှုလည်းတွေ့ရှိနိုင်ပါသည်။ အချို့ကလေးငယ်များက လောကကြီးကို လက်လှမ်းမမီနိုင်ဟု ရိုးသားစွာ ယုံကြည်နေကြစဉ်တွင်ပင် အချို့ကလေးငယ်များအား သဘာဝအလျောက် နွေးထွေးမှု ချစ်မြတ်နိုးမှုနှင့် ယုံကြည်မှုကိုရရှိခံစား နေကြရပါသည်။ ပျော်ရွှင်မှုပေးခြင်းနှင့် မျှဝေခြင်းတွင် အချို့သောညီအစ်ကို မောင်နှမအရင်းအခြာများသည် အတ္တဆန်ပြီး အလိုကြီးတတ်ကြပါသည်။ အချို့ကလေးများက အရာရာကိုစိတ်တိုင်းမကျဘဲ ဆင်ခြေများ၍ တအီအီနေချိန်တွင် အချို့ကလေးများကား တစ်နေ့လုံးပြုံးပျော်ရွှင်မြူး နေကြပါသည်။

သို့သော် ကလေးတစ်ဦး၏ သဘောထားများကို မည်သို့ပုံသွင်းပြုပြင်ပါမည်နည်း။ မိဘအများစုသည် မပွင့်လင်းသော ကိုယ်ရည်ကိုယ်သွေးထက် ပွင့်လင်းသောမနာခံမှုကိုပို၍ ကိုင်တွယ်ဖြေရှင်းရန်လွယ်ကူလေ့ ရှိကြပါသည်။ မိဘများအား အကြံပြုချက် ၂ရပ်ကို ပြန်လည်ဖေါ်ပြလိုပါသည်။

၁။ ကျွန်ုပ်တို့သင်ကြားပေးချင်သော သဘောထားများကို သားသမီးများအား ပုံသွင်းပေးခြင်းတွင် ကျွန်ုပ်တို့ကိုယ်တိုင် နမူနာကောင်းအဖြစ် ရပ်တည်ပြခြင်းမှတစ်ပါး အခြားအစားထိုးရန် နည်းလမ်းမရှိပါ။ “ကလေးတစ်ဦးသည် သူ၏မိဘများ၏ ခြေရာကိုနင်းကြသည်” ဟုစာရေးဆရာတစ်ဦး ရေးသားခဲ့ပါသည်။ ဤစကားမှန်ပါသည်။ ကျွန်ုပ်တို့သားသမီးများသည် ကျွန်ုပ်တို့အား စောင့်ကြည့်နေကြပြီး ကျွန်ုပ်တို့၏အပြုအမူများကို သူတို့၏မွေးရာပါအသိက သဘာဝအလျောက် အတုခိုးလေ့ရှိကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကိုယ်တိုင်က စိတ်ကောက်တတ်ပြီး အတ္တဆန်နေလျှင် ကျွန်ုပ်တို့သားသမီးများအား ကြင်နာတတ်သူ ရက်ရောတတ်သူများဖြစ်လာစေရန် မျှော်မှန်းဖို့ ခဲယဉ်းလှပေသည်။ နေအိမ်တွင်ဖြစ်စေ နေအိမ်ပြင်ပ သို့မဟုတ် နိုင်ငံရပ်ခြားတွင်ဖြစ်စေ ကျွန်ုပ်တို့ကိုယ်တိုင်က “ကျေးဇူးပြု၍” သို့မဟုတ် “ကျေးဇူးတင်ပါတယ်” ဟုဘယ်တော့မှ ပြောလေ့မရှိလျှင် တန်ဖိုးထားမှုကို သားသမီးများအား သင်ကြားပေးနိုင်မည် မဟုတ်ပေ။ အကြွေးရှင်တစ်ဦးက ဖုန်းဆက်လာလျှင် ကလေးငယ်အား ဖုန်းကိုင်စေ၍ “ဖေဖေအိမ်မှာမရှိဘူးပြောလိုက်” ဟုလိမ်ညာခိုင်းလျှင် ရိုးသားဖြောင့်မတ်သော သားသမီးများကို မွေးမြူပြုစုနိုင်မည် မဟုတ်ပေ။ အဆိုပါ ကိစ္စရပ်များတွင် ကျွန်ုပ်တို့၏အပြောနှင့် ကျွန်ုပ်တို့၏အလုပ် အကြားကွာဟမှုကို ကလေးငယ်များက ချက်ချင်းပင်သိမြင်လွယ်လေ့ ရှိကြပါသည်။ ယင်းသို့အပြောနှင့်အလုပ်နှစ်မျိုးတွင် သားသမီးများက ကျွန်ုပ်တို့၏အပြုအမူကိုသာ ရွေးချယ်ကြပြီး ကျွန်ုပ်တို့၏ အဓိပ္ပါယ်မရှိသောအပြောကို လစ်လျူရှုတတ်ကြပါသည်။

၂။ အလေးထားသင်ကြားပေးသင့်သော သဘောထားများမှာ သမ္မာကျမ်းစာကို အခြေခံထားသော ရိုးသားခြင်း လေးစားခြင်း ချစ်ခင်ခြင်း လူ့ဂုဏ်သိက္ခာကိုတန်ဖိုးထားခြင်း နာခံခြင်း တာဝန်သိခြင်း ကြည်ညိုမြတ်နိုးခြင်းစသည်တို့ပင် ဖြစ်ပါသည်။ ကာလရှည်

ကြာစွာအစဉ်တစိုက် တန်ဖိုးထားလေးစားခဲ့ကြသော အဆိုပါစည်းမျဉ်းများကို နောက်မျိုးဆက်သစ်များက မည်ကဲ့သို့နားလည် လက်ခံသဘောပေါက်ကြပါသနည်း။ ထိုအဖြေကို လွန်ခဲ့သောနှစ်ပေါင်း ၄၀၀၀ကျော်က မိုးဇက် (Moses) ရေးသားခဲ့သော တရားဟောရာကျမ်း (Deuteronomy) ၆း၇-၉ တွင်ဖော်ပြထားခဲ့ပါသည်။ "ထိုစကားကို သင်၏သားသမီးတို့အား ကြိုးစား၍သွန်သင်ရမည်။ အိမ်၌ ထိုင်လျက်နေသည်ဖြစ်စေ ခရီးသွားသည်ဖြစ်စေ အိပ်လျက် ထလျက်ရှိသည်ဖြစ်စေ ထိုစကားကိုပြောရမည်။ ထိုစကားကိုလည်း သင်၏လက်၌ လက္ခဏာသက်သေဘို့ရာလည်းကောင်း သင်၏မျက်စိကြားမှာ သင်းကျစ်ကဲ့သို့လည်းကောင်း ချည်ထားရမည်။ အိမ်တံခါး မြို့တံခါးတို့၌လည်း ရေးထားရမည်။" တစ်နည်းအားဖြင့် ထိုသဘောထားများကို နှစ်မိနစ်ခန့်မျှ ဆုတောင်းအိပ်ရာဝင်ချိန်အတွင်း သို့မဟုတ် ရံဖန်ရံခါပြုလုပ်သော အထူးသင်တန်းချိန်အတွင်း စသည့်တိုတောင်းသောကာလ၌ ကလေးများ၏ခေါင်းထဲသို့ စိမ့်ဝင်အောင် ရိုက်သွင်း၍မရပါ။ နံနက်မိုးလင်းသည်မှ ညအိပ်ရာဝင်သည့်တိုင် ထိုသဘောထားများအတိုင်း ရှင်သန်နေထိုင်ကြရပါမည်။

**၉နှစ်သားမှ ၁၂နှစ်သားအထိ။** အရွယ်ရောက်လုနီးပါးဖြစ်သော ဤအသက်အရွယ်ကာလအတွင် ခန္ဓာကိုယ်ကိုအပြစ်ပေးမှုကို ရံဖန်ရံခါဆောင်ရွက် သင့်ပါသည်။ စင်စစ်အားဖြင့် စိတ်ဓါတ်ကြံ့ခိုင်သော ကလေးအချို့သည် ရိုက်နှက်အပြစ်ပေးမှုကိုသာလုံးဝတောင်းဆိုလေ့ရှိကြပြီး ထိုဆန္ဒကို ဖြည့်ဆည်းပေးရပါမည်။ မည်သို့ပင်ဆိုစေကာမူ လိုက်လျောညီထွေနေတတ်သော ကလေးတစ်ဦးသည် သူ၏ပထမဆယ်စုနှစ်ကုန်ကာနီးအချိန်ထိ ရိုက်နှက်အပြစ်ပေးခံရသည့် အဓိကအဖြစ်အပျက်ကို တွေ့ကြုံခဲ့ရပြီး ဖြစ်သင့်ပါသည်။

ဤအရွယ်ရောက်မှု အကြိုနောက်ဆုံးကာလအတွင်းတွင် ကလေးငယ်တစ်ဦး၏ အပြုအမူများတွင် ရှောင်လွှဲ၍မရနိုင်သော နောက်ဆက်တွဲ အကျိုးဆက်များကို ကလေးငယ်အား သင်ကြားပေးရန်ဖြစ်ပါသည်။ ခွင့်လွှတ်တတ်သော လူ့အဖွဲ့အစည်းတွင် အများဆုံးနမော်နမဲ့ဖြစ်လေ့ရှိသည့် ကိစ္စတစ်ခုမှာ အပြုအမူနှင့်နောက်ဆက်တွဲ အကျိုးဆက်ဟူသော အကြောင်းရင်းနှစ်ရပ်တို့၏ ဆက်စပ်မှုကို မဆောင်ရွက်ကြခြင်း ပင်ဖြစ်သည်။

အကောင်းဆုံး ချဉ်းကပ်နည်းမှာ ယောကျ်ားကလေးနှင့် မိန်းကလေးများသည် ၎င်းတို့၏အသက်အရွယ်နှင့် လိုက်ဆက်သော တာဝန်ကို ထမ်းဆောင်ကြရန် မျှော်လင့်ရေးပင်ဖြစ်သည်။ ရံဖန်ရံခါ တာဝန်မကျေပွန်မှုအတွက် ခါးသည်းသောအကျိုးဆက်ကိုလည်း မြည်းစမ်းကြည့်စေ သင့်ပါသည်။

၁၁နှစ် ၁၂နှစ်အရွယ် ကလေးတစ်ဦးဖတ်ရှု မှတ်သားသင့်သည့် အဖြစ်အပျက်တစ်ခုကို တင်ပြပါရစေ။ အဆိုပါ အဖြစ်အပျက်ကိုနေကြတ်မှုတစ်ခု ဖြစ်ပွားပြီးမကြာခင်ရက်များ အတွင်းမှာပင် နိုင်ငံတကာပြည်ထောင်စု ပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။

"ကျွန်မက ဆက်ပြီးစိုက်ကြည့်နေခဲ့ပါတယ်။ သိပ်ကြည့်လို့ကောင်းတာပဲ" ဟုနေကြတ်သည်ကို ကြည့်၍ပြောခဲ့သော မိန်းကလေးတစ်ဦး ယခုတော့ မျက်မမြင်ကလေးတစ်ဦး ဖြစ်နေခဲ့ပါပြီ။

တစ်ပ်တန် (Tipton) အိန္ဒိယ၊ ယူပီအိုင် (UPI) ။ နေကြတ်ခြင်းကို မျက်မျန်မပါဘဲ စောင့်ကြည့်ရန်ကြိုးပမ်းခဲ့မှု၏ အန္တရာယ်ကို အခိုင်အမာပြဆိုသော လူသက်သေတစ်ဦးကား အသက် ၁၅နှစ်ရှိ အန်းတားနား (Ann Truner) ပင်ဖြစ်ပါသည်။ ယခုမှုသူမခမျာ မျက်မမြင်ကလေးငယ်တစ်ဦး ဖြစ်နေရှာပါတော့သည်။ သူမ ဖတ်ခဲ့ရသောသတိပေးချက်ကို လစ်လျူရှုကာ မတ်လ ၇ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော နေကြတ်ခြင်းကို သူမ၏အိမ်ပြတင်းပေါက်မှ "လုစ်ကနဲ" ကြည့်ခဲ့မိသည်။ "ကိစ္စတစ်ခုရှိလို့ ကျွန်မပြတင်းပေါက်ကိုထွက်ကြည့်ခဲ့မိပါတယ်" အန်းက တစ်ပ်တန် နေ့စဉ်သတင်းစာမှ (Tipton Daily Tribrne) သတင်းထောက်ဖြစ်သူ ပက်တ်ကလိုင်း (Pat Cline) အားပြောပြခဲ့ပါသည်။ "ကောင်းကင်မှာ ဖြစ်နေတာကိုကြည့်ပြီး သိပ်သဘောကျနေခဲ့တယ်။ ကြည့်လို့သိပ်ကောင်းတာပဲ။ ကြည့်နေတဲ့အချိန်မှာ ဘယ်လိုနာကြင်မှုမျိုးမှ မခံစားရဘူး။ မေမေက ကျွန်မကြည့်တာကို မိသွားပြီးပြတင်းပေါက်က ဆွဲမခေါ်ခင် ၄-၅ မိနစ်လောက်ကြာအောင် ကြည့်ခဲ့မိတယ်။" အန်းကဆက်၍ "ကျွန်မ ချက်လုံးထဲမှာ အစက်အပျောက်ကလေးတွေ တွေ့ရပေမယ့် သိပ်အလေးမထားခဲ့မိပါဘူး" ဟုပြောပြသည်။ ထိုသို့ဖြစ်ပြီး မကြာခင်မှာပင် သူမမြို့ထဲသို့ထွက်ခဲ့သည်။ လမ်းကူးအချက်ပေးဆိုင်းဘုတ်ကို ကြည့်လိုက်သောအခါ သူမဖတ်၍မရတော့ကြောင်း ရုတ်တရက်သတိရလိုက်မိသည်။ ကြောက်လွန်းလှသဖြင့် ထိုနေရာမှပင်လှည့်ကာ အိမ်သို့ဦးတည်ပြေးလာခဲ့တော့သည်။ အိမ်၏ဆင်ဝင်နှင့် နီးလာသောအခါ "အမှောင်ထဲတွင်လမ်းလျှောက်" သကဲ့သို့ဖြစ်လာသည်ဟု သူမကပြောပြခဲ့သည်။ နောက်တစ်နေ့အထိ မိသားစုအားပြောပြရန် အလွန်ကြောက်ရွံ့နေခဲ့မိသည်။ သို့သော် ကြောက်စရာအမှားအယွင်း တစ်ခုခုတော့ဖြစ်နေပြီဖြစ်ကြောင်း မွေးရာပါအသိစိတ်က သိလာခဲ့သည်။ သို့မဟုတ် သံသယစိတ်ဝင်လာခဲ့မိသည်။

"ကျွန်မ ငိုပြီးရင်းငိုခဲ့မိပါတယ်" သူမကပြောပြခဲ့သည်။ "ကျွန်မရဲ့ရှေ့ဆက်ရမယ့် ဘဝအတွက်အမှောင်ထဲမှာ မနေချင်ဘူး။ အိမ်မက်ဆိုးတွေ အဆုံးသတ်သွားလိမ့်မယ်။ ကျွန်မမျက်စိ ပြန်ပြီးမြင်လာရမယ်လို့ မျှော်လင့်နေဆဲပါပဲ။ ဒါမေမယ့် ပိုပိုပြီးမှောင်မည်းလာခဲ့ပါတယ်။ ကျွန်မသိပ်ကြောက်နေမိပါတယ်။ ကျွန်မဟာ မိဘရဲ့ပြောစကားနဲ့ တခြားသတိပေးချက်တွေကို မနာခံခဲ့မိဘူး။ အရာရာကိုနောက်ကြောင်းပြန်ပြီး ပြင်ဆင်လို့မရနိုင်တော့ပါဘူး။ သိပ်နောက်ကျသွားပြီလေ။"

အန်း၏အဖြစ်အပျက်ကို မစ္စတာနှင့် မစ္စက် ကွိုင်တားနား (Mr & Mrs Loy Turner) တို့သိသွားသောအခါ မျက်စိအထူးကုများထံ ခေါ်သွားပြီးပြသခဲ့သော်လည်း အထူးကုဆရာဝန်များက ခေါင်းကိုသာခါရမ်း၍ အန်း၏မျက်စိပြန်မြင်လာအောင် သူတို့မတတ်နိုင်တော့ကြောင်း ပြောပြခဲ့ပါသည်။ သူမသည် ၉၀% ခန့်အထိအမြင်အာရုံ ကွယ်ခဲ့ပြီဖြစ်ကြောင်း သူမအသုံးပြုလေ့ရှိသော အရာဝတ္ထုအကြီးစားများ၏ အပြင်နယ်နိမိတ်၏အနားသတ်လိုင်းကိုသာ မြင်ရတော့မည်ဖြစ်ကြောင်း ဆရာဝန်များက ဆိုကြသည်။ ကျူ

ရှင်ဆရာတစ်ဦး၏ အကူအညီဖြင့် အန်း၏ပညာရေးကို ဆက်လက်သင်ယူနေခဲ့ပါသည်။ အမှောင်ကမ္ဘာကို ထိန်းညှိနေတတ်ရန် သူမ ကြိုးစားလေ့လာ သင်ယူနေရပါတော့သည်။

..............................................................................

အလွယ်တကူနာခံရန် ငြင်းဆန်ခဲ့လျှင် သမ္မာကျမ်းစာက "ပြစ်မှားသောသူတို့လမ်းမူကား ခက်သောလမ်းဖြစ်၏" ဟုဆိုထားပါသည်။ (သုတ္တံကျမ်း ၁၃း၁၅)

..............................................................................

ထိုဝမ်းနည်းစရာ ဇာတ်လမ်းကလေးကို သင်၏သား သို့မဟုတ် သမီးငယ်ဖတ်ပြပြီးလျှင် "ကဲ သား အန်းဟာဒီလိုကြောက်မက် ဖွယ်ကောင်းတဲ့ အဖြစ်ဆိုးကြုံခဲ့ရတာဟာ မိဘများနဲ့လူကြီးသူမ ပြောတာတွေကိုနားမထောင်ဘဲ သူ့ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို သူယုံကြည်ခဲ့မိလို့ပါပဲ။ ဒီဇာတ်လမ်းလေးကို ဖတ်ပြရတဲ့အကြောင်းရင်းကတော့ သားတို့ဟာလည်း အန်းလိုဒုက္ခရောက်နိုင်ကြတယ်ဆိုတာ နားလည်စေချင်လို့ပဲ။ သားတို့ ဆယ်ကျော်သက်အရွယ် ရောက်လာကြရင် မေမေတို့က အန္တရာယ်ရှိတယ်လို့ ပြောထားတဲ့အရာတွေကို သားတို့လုပ်နိုင်တဲ့အခွင့်အလမ်းတွေ ရှိလာလိမ့်မယ်။ ဥပမာ တစ်ယောက်ယောက်က သားကိုမူးယစ်ဆေးပေးလာလို့ သားကသုံးစွဲတဲ့တိုင်အောင် ဘာမှအန္တရာယမရှိဘူးလို့ ထင်ရတယ်။ ဒါပေမဲ့ အန်းလိုပေါ့။ သိပ်နောက်ကျမသွားခင်အထိ မူးယစ်ဆေးရဲ့ နောက်ဆက်တွဲအကျိုးဆက်တွေကို သားသတိထားမိမှာ မဟုတ်ဘူး။ ဒါဟာ သားရဲ့ကိုယ်ပိုင် ဆုံးဖြတ်ချက်ကို ယုံကြည်ထားတာထက် သားကိုမိဘတွေသင်ပေးထားတဲ့ သတိပေးစကားတွေကို ယုံကြည်ဖို့ဘာကြောင့် ပိုပြီးအရေးကြီးတယ်ဆိုတာ ကိုပြတာပဲ။ လူငယ်အများစုဟာ ဆယ်ကျော်သက်အရွယ်အတောအတွင်းမှာ သူတို့ရဲ့အနာဂတ်ဘဝတွေကို ထိခိုက်မယ့်အမှားမျိုးတွေ ကျူးလွန်တတ်ကြတယ်။ ဒီလိုအမှားမျိုးတွေကိုသားတို့ ရှောင်ကြဉ်နိုင်အောင် မေမေကကူညီချင်ပါတယ်။ ဒါပေမဲ့ ဒီကိစ္စအတွက် အမှန်တရားကတော့ သားရဲ့ရည်မှန်းချက်ကို သားပဲချမှတ်ပြီး ရောက်ရမယ့်လမ်းကြောင်းကိုလည်း သားပဲရွေးချယ်ရမှာပဲလေ။ သားရဲ့မျက်စိနဲ့တတ်အပ်မြင်တာကို သားလက်ခံနိုင်ပါတယ်။ အန်းလိုပေါ့ကွယ်။ ဒါမှမဟုတ် မေမေနဲ့သားရဲ့ဖေဖေသင်ကြားခဲ့တာ ပြောခဲ့တာကိုလည်း လက်ခံနိုင်ပါတယ်။ ပိုပြီးအရေးကြီးတာကတော့ မေမေတို့ဖတ်ခဲ့ကရတဲ့ ဘုရားသခင်ရဲ့စကားပဲပေါ့။ သားအနေနဲ့ မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်လိမ့်မယ်လို့ မေမေယုံကြည်တဲ့အပြင် သားလေးကြီးပြင်းလာမှာကို မေမေတို့ဝမ်းပမ်းတသာ စောင့်ကြည့်နိုင်မယ်လို့လဲ ယူဆတယ်လေ" ဟူ၍ သင်ကအကျိုးသင့်အကြောင်းသင့် ရှင်းပြပါ။

## အကျဉ်းချုပ်

အကျဉ်းချုပ်အားဖြင့် မိဘများသည် ကလေးသူငယ်၏ ရည်ရွယ်ချက်ကို ကြားဖြတ်ဆုပ်ကိုင်နိုင်စွမ်းမရှိဘဲနှင့် စည်းကမ်းကို မှန်ကန်သောနည်းလမ်းဖြင့် ချမှတ်ရေးမှာ ဖြစ်နိုင်ဖွယ်မရှိပါ။ ခန္ဓာကိုယ်ကို ထိခိုက်စေသော ရိုက်နှက်အပြစ်ပေးခြင်းတို့ တမင်ပြုလုပ်သောမနာခံမှု သို့မဟုတ် အာခံမှုမျိုးဖြစ်ပွားသည့်အခါမှသာလျှင် အသုံးပြုသင့်ပါသည်။

"ဒါပေမဲ့ ဒီလိုဖြစ်တယ်ဆိုတာ် ဘယ်လိုသိနိုင်မှာလဲ" ဟူသောမေးခွန်းကို ကျွန်ုပ်အားကြိမ်ဖန်များစွာ အမေးခံခဲ့ရပါသည်။ မိခင်တစ်ဦးက "ချပ်ကီး (chuckie) ဟာရေချိုးပါလို့ပြောတိုင်း သူဘယ်တော့မှ အရေးမထားဘူး။ ဒါပေမဲ့ သူ့စိတ်ထဲမှာ ဘယ်လိုတွေးနေတတ်တယ်ဆိုတာ ကျွန်မအသေအချာမသိဘူး" ဟုပြောပါသည်။

မိဘများတွင် ဤသို့အခက်အခဲမျိုးရှိသော်လည်း အဖြေမှာရှင်းပါသည်။ ပထမအဖြစ်အပျက်ကို ဒုတိယအဖြစ်အပျက်အား အမျိုးအစား သတ်မှတ်ရေးအတွက် အသုံးပြုပါ။ သင်၏ သားအား "ချပ်က် အခုပြောတဲ့စကားက သိပ်ရင့်သီးနေသလိုပဲ။ သားဘာသဘောနဲ့ပြောတယ်ဆိုတာ မေမေနားမလည်ဘူး။ ဒါပေမဲ့ မေမေ့ကိုဒီလိုနောက်ထပ်မပြောရန်တော့ တို့တွေတစ်ဦးနဲ့တစ်ဦး နားလည်မှုရှိကြလိမ့်မယ်"။ ထိုသို့ထပ်ဖြစ်ပါက တမင်ပြုလုပ်ကြောင်း သင်သိနိုင်ပြီဖြစ်ပါသည်။

စည်းကမ်းသတ်မှန်မှုနှင့် ပတ်သက်၍မရှင်းမလင်း ဖြစ်မှုအများဆုံးမှာ မိဘများကိုယ်တိုင်က ကန့်သတ်ချက်များကို တိကျမှန်ကန်စွာ အဓိပ္ပါယ်သတ်မှတ်ခြင်း မပြုနိုင်သောကြောင့် ဖြစ်သည်။ မည်သည့်အရာက လက်ခံနိုင်သည် မည်သည့်အရာကလက်မခံနိုင်ပါ ဟူသည်ကို သင်ကိုယ်တိုင်သည့်းကွဲစွာမသိလျှင် သင့်ကလေးငယ်က သင့်ထက်နှစ်ဆပို၍ ရှုတ်ထွေးပါလိမ့်မည်။ ထို့ကြောင့် စည်းကမ်းသတ်မှန်ချက်များကို လွဲချော်မသွားအောင် တိကျရှင်းလင်းစွာ မချမှန်နိုင်သေးမီ ကလေးငယ်အားအပြစ်ပေးခြင်းမပြုပါနှင့်။

..............................................................................

သင့်ကလေးများအား သင့်အပြောနှင့်ကိုက်ညီသော အဓိပ္ပါယ်ကိုသင်ကြားပေးရပါမည်။ ဤစည်းကမ်းမျိုးသာလျှင် အကျိုးသက်ရောက်ပါသည်။ သင်ဆိုလိုသော အဓိပ္ပါယ်သည် သင်၏အပြောနှင့်ကိုက်ညီပြီး သင့်စကားကိုသင်လိုက်နာလျှင် သင်၏ကလေးများ သဘောပေါက်ပါသည်။

..............................................................................

# သူမရှေ့လျှားလာအောင်မည်သို့ပြုလုပ်ရမည်နည်း။

**မေးခွန်း။** ကလေးများအားဒေါသ မဖြစ်ပါနှင့်ဟု သင့်အတွက်ပြောရန် လွယ်လှပါသည်။ သို့သော် ကလေးများက ကျွန်ုပ်အား ဒေါသဖြစ်အောင်ပြုလုပ်သော အကြိမ်ပေါင်းများစွာ ရှိပါသည်။ ဥပမာ ကျွန်ုပ်၏ ၁၀နှစ်သမီးလေး နံနက်စောစောကျောင်းကားမီရေး မှာကျွန်ုပ်အတွက် အလွန်ပင်ခက်ခဲသော ကိစ္စတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်က နှိုးမှသူမအိပ်ရာကထသည်။ သို့သော် အချိန်ဆွဲနေသည်။ ကျွန်ုပ်အခန်းမှ ထွက်ခဲ့သည်နှင့် တစ်ပြိုင်နက် ကစားနေတော့သည်။ သူမကို မိနစ်တိုင်းကြိမ်တို့ပြီး မောင်းနေရသည်။ သတိပေးနေရ သည်။ ဤသို့မှ မလုပ်လျှင်သူမကျောင်း နောက်ကျပေတော့မည်။ ထို့ကြောင့် ကျွန်ုပ်ပို၍ပို၍ စိတ်တိုလာရပြီး သူမအားအော်ဟစ်ကြိမ်း မောင်းခြင်းဖြင့်သာ အဆုံးသတ်ရလေ့ရှိသည်။ သူမအား ဤသို့ကိုင်တွယ်ခြင်းသည် အကောင်းဆုံးနည်းလမ်းမဟုတ်ကြောင်း ကျွန်ုပ်သိ သော်လည်း သူကမ ကျွန်ုပ်ဤသို့လုပ်ချင်အောင် ဆွပေးနေသည်ဟု ကျွန်ုပ်အတိအလင်းပြောချင်ပါသည်။ နေ့တိုင်း ဤသို့မခံစားရဘဲ သူမလှုပ်ရှားလာအောင် ကျွန်ုပ်မည်သို့ဆောင်ရွက်ရမည်ကို ပြောပြစေချင်ပါသည်။

**အဖြေ။** နံနက်တိုင်း အဆင်သင့်ဖြစ်ရေးကို တာဝန်အဖြစ်ယူဆကာ သင်၏ကလေးငယ်နှင့် ယှဉ်ပြိုင်နေခြင်း ဖြစ်ပါသည်။ ၁၀နှစ်အရွယ် ကလေးတစ်ဦးသည် အဆိုပါ လုပ်ငန်းတာဝန်မျိုးကို သူမ၏ကိုယ်ပိုင်စေ့ဆော်မှုဖြင့် ကောင်းစွာဆောင်ရွက်နိုင်စွမ်းရှိ သင့်ပါသည်။ သို့သော် သင်၏ဒေါသကြောင့် ထိုသို့ဆောင်ရွက်နိုင်စွမ်း မရှိခြင်းဖြစ်ပါသည်။ လွန်ခဲ့သောနှစ်က ကျွန်ုပ်တို့တွင်လည်း ကျွန်ုပ်တို့၏သမီးနှင့် ပတ်သက်ပြီး အလားတူပြဿနာမျိုး ကြုံတွေ့ခဲ့ရပါသည်။ ကျွန်ုပ်တို့ ဖြေရှင်းနည်းသည် သင့်အတွက်အကျိုးရှိနိုင် ပါလိမ့်မည်။

ဒန်နီး (Danae) ၏နံနက်ခင်းပြဿနာမှာ သူမ၏အခန်းကို သပ်ရပ်အောင်သိမ်းဆည်းရေးနှင့် ပတ်သက်နေပါသည်။ နံနက် တိုင်းသူမ၏ အိပ်ရာကိုသေချာစွာ မသိမ်းဆည်းလျှင် လက်ဝတ်လက်စားများ နေရာတကျသိမ်းမပြီးလျှင် ကျောင်းမသွားရပေ။ သူမ၏ ပိုင်ဆိုင်ပစ္စည်းများနှင့် ပတ်သက်ပြီးအလွန်သတိရှိသည့် အလေ့အထမှ ကျွန်ုပ်တို့သင်ကြားပေးရခြင်း မဟုတ်ပေ။ (သူ၏အစ်ကို ရိုင်ယန့် (Ryan) တွင် ဤပြဿနာမျိုးမရှိသည်ကို ကျွန်ုပ်ထည့်ပြောသင့်ပါသည်။) ဒန်နီးသည် သူမအားလှုံ့ဆော်တိုက်တွန်းပေးလျှင် ထိုတာဝန် များကိုအချိန်ကိုက်ပြီးစီးအောင် အလွယ်တကူဆောင်ရွက်နိုင်သော်လည်း သူမသည် မည်သည့်အခါတွင်မျှ အလျင်စလိုနိုင်လေ့မရှိပါ။ ထို့ကြောင့် ကျွန်ုပ်၏ဇနီးသည် သည်လည်းသင်ပြောပြသည့် သတိပေးခြင်း ခြိမ်းခြောက်ခြင်း တွန်းအားပေးခြင်း ကျောင်းချိန်နီးလာ သည်နှင့်အမျှ ဒေါသထွက်ရခြင်းစသည့် ပြဿနာများနှင့် စတင်ကြုံတွေ့လာခဲ့ရသည်။

နံနက်ခင်းကို အဆင်ပြေစွာကျော်လွှားနိုင်ရေးအတွက် နည်းလမ်းကောင်းတစ်ခု ရှိရမည်ကို ရှာလီ (shirley) နှင့်ကျွန်ုပ်တို့ သဘောချင်းတိုက်ဆိုင်ခဲ့သည်။ ထိုနောက် "စစ်ဆေးရန်အချက်များ" ဟုအမည်ပေးထားသော စနစ်တစ်ခုကို ကျွန်ုပ်တီထွင်လိုက်သည်။ ထိုစနစ် ဤသို့ဖြစ်သည်။ နံနက်တိုင်း ခြောက်နာရီမခွဲမီ (၆း၃၀) ဒန်နေးသည် အိပ်ယာမှထွက်ပြီး မတ်တပ်ရပ်ပြီးဖြစ်နေရန် ညွှန်ကြားခဲ့ သည်။ သူမ၏ နှိုးစက်ရေဒီယိုကို အချိန်ကိုက်ထားရန်နှင့် (တစ်မိနစ်ခန့်နောက်ကျခွင့်ပြုသည်။) ချက်ချင်းပင် ရေခဲသေတ္တာတံခါး၌ ကားချပ်တစ်ခုကပ်ထားရာ မီးဖိုချောင်ထဲသို့ဝင်သွားသည်။ ထို့နောက် ထိုနေ့အတွက် ပထမဆုံးစစ်ဆေးရမည့် အချက်နှင့်ပတ်သက်၍ မှန်သည် (Yes)၊ မှားသည် (No) ဟူ၍ ကားချပ်တစ်ခုတွင် ဝိုင်းရမည်။ ဤထက်ပို၍ မရှင်းနိုင်ပါ။ သူမ ၆း၃၀နာရီထနိုင်လျှင် အချိန် မီပြီး မထနိုင်လျှင်အချိန်မမီပါ။

ဒုတိယစစ်ဆေးရန်အချက်မှ နောက်ထပ်မိနစ်လေးဆယ်အကြာ ၇း၁၀နာရီတွင်ဖြစ်ပါသည်။ ထိုအချိန်တွင် သူမသည် အခန်း ကိုစိတ်ကြိုက်ရှင်းလင်းပြီး ဖြစ်ရမည်။ အဝတ်အစားလဲပြီးဖြစ်ရမည်။ သွားတိုက်ပြီး ခေါင်းဖြီးပြီးဖြစ်ရမည်။ စာဖတ်ချိန်အနည်းငယ် ရရှိ ရမည်စသည်တို့ကို ပြီးစီးနေရန် လိုအပ်သည်။ အဆိုပါလုပ်ငန်းများအတွက် မိနစ်လေးဆယ်သည် လုံလောက်သော အချိန်ဖြစ်ပြီး သူမ အလျင်အမြန်လုပ်လျှင် ဆယ်မိနစ် ဆယ့်ငါးမိနစ်ခန့်မျှနှင့်ပင်ပြီးစီးနိုင်သည်။ ထို့ကြောင့် ဒုတိယစစ်ဆေးရန်အချက်ကို သူမလွဲချော်နိုင် သည့်တစ်ခုတည်းသော နည်းလမ်းမှာ ပထမအချက်ကို တမင်လစ်လျူရှုခြင်းပင်ဖြစ်သည်။

ယခုမူ စစ်ဆေးရန်အချက်များသည် မည်သည့်အဓိပ္ပါယ်သက်ရောက်ခဲ့ပါသနည်း။ ထိုပြဿနာများကို အမျက်ဒေါသထွက်၍ အံ့ကြိတ်၍ ဖြေရှင်းရန် လိုအပ်ပါသေးသလား။ အမှန်ပင် မလိုအပ်တော့ပါ။ အကျိုးဆက်များကား မှန်ကန်၍မျှတပါသည်။ ဒန်နီးသည် ပထမစစ်ဆေးရန်အချက်ကို လွဲချော်ခဲ့လျှင် ထိုညအတွက် မိနစ်သုံးဆယ်စော၍အိပ်ရာဝင်ရပေမည်။ ဒုတိယစစ်ဆေးရန်အခက်ကို လွဲချော် ခဲ့လျှင် သူမအတွက် သတ်မှတ်ပေးသော အိပ်ချိန်မတိုင်မှ တစ်နာရီစော၍အိပ်ရပေမည်။ ထိုအချိန်သည် သူမအားအိပ်ရာထဲတွင် စာဖတ် ရန်ခွင့်ပြုထားသော အချိန်ဖြစ်သည်။ သို့သော် သူမတယ်လီဗေးရှင်းမကြည့်နိုင်ပါ။ တယ်လီဖုန်းပြောခွင့်လည်းမရနိုင်ပါ။ ထိုလုပ်ငန်း စဉ်များက နံနက်ခင်းတိုင်း တွေ့ကြုံရသောဖိအားများလျော့သွားပြီး ကျွန်ုပ်တို့သမီးငယ်၏ ပခုံးပေါ်သို့ရောက်ရှိသွားပေသည်။ ကျွန်ုပ်၏ ဇနီးသည် နံနက်စာပြင်ရန် အိပ်ရာထချိန်တွင်မူ ဒန်နီးသည် အဝတ်အစားလဲပြီး ကြည်ကြည်လင်လင်နှင့် စားပွဲတွင်အေးဆေးစွာ ထိုင်နေ သည်ကိုသာ တွေ့ရလေ့ရှိတော့သည်။

ဤစည်းကမ်းချမှတ်မှုစနစ်သည် ၎င်းတို့၏သားသမီးများနှင့် အလားတူပြဿနာများ တွေ့ကြုံရသည့် မိဘများအတွက် စံနမူ နာတစ်ခုအဖြစ် အကျိုးသက်ရောက်နိုင်ပါသည်။ စင်စစ် ဤနမူနာသည် ဖိနှိပ်ချုပ်ချယ်ခြင်းမဟုတ်ပါ။ ဒန်နီးက ပစ်မှတ်ကိုထိမှန်အောင် ပစ်ရမှ ကျေနပ်ပုံပေါ်ပါသည်။

စည်းကမ်းသတ်မှတ်ရာတွင် ကလေးငယ်များပါဝင်ကူညီခဲ့လျှင် ထိုစည်းကမ်းများကိုပို၍နာခံလိုကြကာ သူတို့ချမှတ်ခဲ့သော နောက်ဆက်တွဲ အကျိုးဆက်များကိုလည်း လိုလားစွာခံယူလိုစိတ်ရှိကြပါလိမ့်မည်။

..........................................................................

## "ဟင့်အင်း / မ ...... ဘူး"

**မေးခွန်း။** မည်သည့်အမှားများက ကလေးများအပေါ် မိဘများကစည်းကမ်းချမှတ်စေပါသနည်း။

**အဖြေ။** ကျွန်ုပ်တို့၏ကလေးများအား "ဟင့်အင်းဟူသောစကားကို ပြောသောအလေ့အကျင့်စတင်ရရှိရန် အလွန်လွယ်ကူပါသည်။ "ဟင့်အင်း အပြင်မထွက်ရဘူး" "ဟင့်အင်း ဘစ်စကစ်မုန့် မစားရဘူး" "ဟင့်အင်း တယ်လီဖုန်းမပြောရဘူး" " ဟင့်အင်း သူငယ်ချင်းအိမ်မှာ မအိပ်ရဘူး"။ အဆိုပါတောင်းဆိုမှုများကို မိဘများဖြစ်ကြသော ကျွန်ုပ်တို့ကခိုင်မာစွာ ရှင်းလင်းဖြေဆိုနိုင်သော်လည်းဆန့်ကျင်ဘက် တုန့်ပြန်မှုကိုသာ အလွယ်တကူအလိုအလျောက် ရွေးချယ်လေ့ရှိပါသည်။ အဘယ်ကြောင့်နည်း။ အကြောင်းမှာကျွန်ုပ်တို့သည် နောက်ဆက်တွဲ အကျိုးဆက်များကို ရပ်တန့်ရန်နှင့်တွေးတောဆင်ခြင်ရန် အချိန်မယူကြခြင်း ထိုတောင်းဆိုမှုသည် ကျွန်ုပ်တို့အတွက်အလုပ်ပိုစေခြင်း ထိုတောင်းဆိုမှု အန္တရာယ်ရှိနိုင်ခြင်း ကျွန်ုပ်တို့ကလေးငယ်များက တစ်နေ့လျှင်အကြိမ်တစ်ထောင်ခန့်တောင် ဆိုခြင်းနှင့် ထိုအချက်များကို ငြင်းဆိုလိုက်ခြင်းက အဆင်ပြေသွားလေ့ရှိခြင်းတို့ကြောင့် ပင်ဖြစ်ပါသည်။

ကလေးတိုင်းသည် သူ၏အချို့သော လွန်ကျူးသည့်ဆန္ဒများအား ငြင်းပယ်မှုခံယူရန် လိုအပ်သော်လည်း တောင်းဆိုမှုတစ်ခုချင်းစီ၏ ထိုက်တန်မှုမိဘများက စဉ်းစားပေးရန်လည်း လိုအပ်ပါသည်။ ဘဝတွင် မည်သည့်အချိန်တွင်မဆို ကျွန်ုပ်တို့က "အင်း" ဟု ပြောနိုင်သော "ဟင့်အင်း" ပေါင်းများစွာတို့ ရှိတတ်ကြပါသည်။

ကျွမ်းကျင်သော မိဘဘဝ၏သော့ချက်မှာ သင့်ကလေးငယ်၏ မျက်လုံးများနောက်ကွယ်တွင်ရှိနေပြီး သူမြင်သည့်အတိုင်းမြင်၍သူခံစားသည့်အတိုင်း ခံစားနိုင်စွမ်းရှိခြင်းပင် ဖြစ်ပါသည်။ သူတစ်ဦးတည်း အထီးကျန်နေလျှင် သင်၏အဖော်ပြုမှုလိုအပ်သည်။ သူက မနာခံလျှင် သူ၏စိတ်လိုက်မာန်ပါ လုပ်ဆောင်မှုကိုထိန်းချုပ်ရန် သင်၏အကူအညီလိုအပ်သည်။ သူကြောက်ရွံ့နေလျှင် သင်၏ထွေးပိုက်ကာကွယ်ပေးမှုကို လိုအပ်ပါသည်။ သူကစူးစမ်းလေ့လာလိုသောအခါ သင်၏စိတ်ရှည်သော သွန်သင်ပြသမှုကို လိုအပ်ပါသည်။ သူပျော်ရွှင်နေပြန်သောအခါတွင်လည်း သူနှင့်အတူတကွ ပျော်ရွှင်မှုကိုခွဲဝေရယ်မောရန် သူချစ်ခင်နှစ်သက်သူများ လိုအပ်ပြန်ပါသည်။

သူ၏ကလေးငယ်၏ ခံစားမှုများကို အလိုအလျောက်သိမြင်နားလည် လွယ်သောမိဘသည် ထင်ရှားသော လိုအပ်ချက်များကိုသင့်တင့်လျောက်ပတ်စွာ ဖြေရှင်းပေးရန်အသင့်ရှိနေတတ်ကြပါသည်။ ထို့ပြင် ဤအချက်တွင် ကျန်းမာကြံ့ခိုင်သော သားသမီးများမွေးမြူပြုစုပျိုးထောင်ရေးသည် ဘုရားသခင်က ကျွန်ုပ်တို့အား ပေးထားသောကြီးမားသော ဉာဏ်ပညာ စိတ်ရှည်သည်းခံမှု အာရုံစူးစိုက်မှုနှင့်ချစ်ခြင်းမေတ္တာတို့ ပြည့်စုံရန်လိုအပ်သည့် မြင့်မားစွာဖွံ့ဖြိုးတိုးတက်သော ပညာတစ်ရပ် ဖြစ်လာပေတော့သည်။ တမန်တော် ပေါလုကခရစ်ယာန်ဘဝကို "ဆင်ခြင်းဉာဏ်ရှိသော အမှုထမ်း" ဟုခေါ်ဝေါ်သမုတ်ခဲ့သည်။ ကျွန်ုပ်တို့ မိဘများသည်လည်း ကျွန်ုပ်တို့၏ သားသမီးများအား အလားတူအဆင့်စံနှုန်းရှိသော အပြုအမူကိုကောင်းစွာ ပြုမူသွန်သင်ရန် လိုအပ်ပေလိမ့်မည်။

# မိသားစုပြိုင်ဆိုင်မှု၏ဆိုးကျိုး

## ၁။ ကလေးများ၏သဘာဝမနာလိုစိတ်ကိုဆွမပေးပါနှင့်

စင်စစ်မိသားစု ပြိုင်ဆိုင်မှုသည် အသစ်အဆန်းမဟုတ်ပါ။ ယင်းပြိုင်ဆိုင်မှုသည် ပထမဦးဆုံးလူသတ်မှု မှတ်တမ်း (ကိန်း (cain) က အေဘယ်လ်ကိုသတ်မှု) အတွက် တာဝန်ရှိပြီး ထိုအချိန်မှစ၍ သားသမီးနှစ်ဦးရှိသော မိသားစုတိုင်းတွင် ပြိုင်ဆိုင်မှုဖြစ်ပေါ်လာခဲ့ရပေသည်။ ပြိုင်ဆိုင်မှု၏ အဓိကအချက်မှာ ခေတ်နောက်ကျသော မနာလိုစိတ်နှင့်ကလေးများအကြား ယှဉ်ပြိုင်မှုပင်ဖြစ်သည်။

မနာလိုမှုသည် ဤမျှလူသိများနေလျှင် ကလေးသူငယ်များက ၎င်းတို့၏အစ်ကိုများနှင့် အစ်မများအတွက် တစ်ခါတစ်ရံခံစားရလေ့ရှိသော သဘာဝအလျောက် ရန်ဘက်ဖြစ်မှုကို မိဘများက အနိမ့်ဆုံးဖြစ်အောင် မည်သို့လျှော့ချနိုင်ပါသနည်း။ ပထမအဆင့်မှာ ညီအစ်ကိုမောင်နှမအချင်းချင်း မလိုလားအပ်သော နှိုင်းယှဉ်မှုအခြေအနေများကို ရှောင်ရှားရန်ဖြစ်သည်။ ကထိက ဘီလ်ဂိုးသား (Lecturer Bill Gothard) ကသိမ်ငယ်စိတ်အားလုံး၏ အရင်းခံအကြောင်းတရားမှာ နှိုင်းယှဉ်ခြင်းပင်ဖြစ်သည်ဟု ဖော်ပြခဲ့သည်။ ထိုအချက်ကို ကျွန်ုပ်သဘောတူသည်။ မေးခွန်းမှာ "ငါဘယ်လိုလုပ်သလဲ" ဟူ၍မဟုတ်ပါ။ "ကျွန်မ ဒါမှမဟုတ်ရင် စတီဗင် ဒါမှမဟုတ် မာရီယန်နဲ့ နှိုင်းယှဉ်ရင် ငါဘယ်လိုလုပ်သလဲ" ဟူ၍ဖြစ်ပါသည်။ အဓိပ္ပါယ်မှာ ငါဘယ်လောက်မြန်မြန်ပြေးနိုင်သလဲ ဟူ၍မဟုတ်။ ဘယ်သူအရင်ပြီးသလဲ ဟူ၍ဖြစ်ပါသည်။

ထို့ကြောင့် ကလေးတစ်ဦးအား အခြားကလေးတစ်ဦးထက် ထုံးစံအတိုင်း ဦးစားပေးနိုင်းယှဉ်သော စကားမျိုးကိုမပြောမိစေရန် မိဘများက ထိန်းချုပ်သင့်ပါသည်။ အထူးသဖြင့် နယ်ပယ်၃ခုတွင် နိူင်းယှဉ်ခြင်းမပြုမိရန် အရေးကြီးသည်။ ပထမနယ်ပယ်မှာ ကလေးများသည် ရုပ်ပိုင်းဆိုင်ရာ ဆွဲဆောင်မှုနှင့် ကိုယ်ခန္ဓာအချိုးအစား ပြေပြစ်မှုတို့တွင် အထအနကောက်လွယ်ကြပါသည်။ ဥပမာ ရှာရွန် (Sharon) သည်သူမ၏ အမေနှင့်ပတ်သက်သည့် "ဘက်တီ (Betry) ကတော့ရေပန်းစားတဲ့ မိန်းကလေးဖြစ်လာတော့မှာပဲ" ဟူသောမှတ်ချက်ကို ကြားလိုက်ရပါက ရှာရွန်ကို ဤသို့မှတ်ချက်မပေးခြင်းသည်ပင် ညီအစ်မနှစ်ဦးအကြား ပြိုင်ဆိုင်မှုကို မီးမွှေးပေးသကဲ့သို့ဖြစ်သွားနိုင်ပေသည်။

ဒုတိယ သတိထားကိုင်တွယ်ရမည့် ထိခိုက်လွယ်သောအာရုံတစ်ခုမှာ အသိဉာဏ်ပင်ဖြစ်သည်။ မိဘများက ကလေးများ၏ ရှေ့တွင် "အငယ်ကောင်ကတော့ အကြီးကောင်ထက်ပိုပြီး ထက်မယ့်ပုံပဲ" ဟူသောစကားမျိုးပြောရန် မသင့်တော်ပါ။ ထိုသို့သော အကဲဖြတ်မှုမျိုးသည် ကလေးငယ်၏စိတ်ထဲတွင် မည်မျှ စွမ်းအားသက်ရောက်သွားမည်ကို လူကြီးများနားလည်ရန် ခက်ခဲလေ့ရှိကြပါသည်။

တတိယအနေဖြင့် ကလေးငယ်များ (အထူးသဖြင့် ယောကျ်ားကလေးများ) သည်အားကစားစွမ်းရည်နှင့် ပတ်သက်ပြီး လွန်ကဲစွာပြိုင်ဆိုင်တတ်ကြပါသည်။ ညီအစ်ကိုများထက်မ နွေးသော အားနည်းသော အရေးမပါသော ကလေးများသည် ကျက်သရေနှင့် ဂုဏ်သိက္ခာတို့တွင် "ဒုတိယအကောင်းဆုံး" အဖြစ်လက်ခံနိုင်စွမ်းရှိရန် ခဲယဉ်းတတ်ကြပါသည်။

ရုပ်ရည်ချောမောမှု ဉာဏ်ကောင်းမှုနှင့် အားကစားစွမ်းရည်တို့နှင့် ပတ်သက်၍ သူတို့မိဘများ၏ မျက်စေ့ထဲတွင် သူတို့အား သူတို့၏ညီအစ်ကိုမောင်နှစ်မများကဲ့သို့ပင် မြတ်နိုးလေးစားသည်။ တန်းတူတန်ဖိုးထားသည်ဟူ၍ ကလေးတစ်ဦးချင်းစီက နားလည်သဘောပေါက်သင့်ပါသည်။ နေအိမ်တွင် ချီးမွမ်းခြင်းနှင့်ဝေဖန်ခြင်းကို တတ်နိုင်သမျှ မျှတစွာဖြန့်ဝေသင့်သော်လည်း အချို့ကလေးများမှာမူ ပြင်ပလောကတွင် ချီးမွမ်းခြင်း ဝေဖန်ခြင်းကြောင့် ပို၍ထူးခြားစွာ အောင်မြင်တတ်ကြပါသည်။

## ၂။ အကျိုးဖြစ်ထွန်းသော တရားမျှတမှုစနစ်ကိုထူထောင်ပါ။

သင်၏အရေးကြီးဆုံး တာဝန်တစ်ရပ်မှာ ညီမျှသောတရားမျှတမှုစနစ်နှင့် အခွင့်အာဏာဟန်ချက်ညီမျှမှုကို သင်၏နေအိမ်တွင် တည်ဆောက်ရန်ဖြစ်ပါသည်။ မိသားစုဝင်တစ်ဦးချင်းစီအတွက် လိုက်နာစေနိုင်သော အကျိုးအကြောင်းခိုင်လုံသည့် ဥပဒေများရှိသင့်ပါသည်။

## ဟမ်မီ နှင့် ဆစ်ဂျီ

**မေးခွန်း။** သင့်ကလေးငယ်များ၏ကိုယ်စား အရေးပါသောဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာသော ယုံကြည်မှုဖြင့်ချမှတ်ရန် သင်အခိုင်အမာ ပြောဆိုပါသလား။ သင်ချမှတ်မည့် ဆုံးဖြတ်ချက်သည် ကလေးငယ်များအတွက် အကျိုးဖြစ်ထွန်းဆုံးဖြစ်မဖြစ်ကို သင်မည်သို့သိရှိနိုင်ပါသနည်း။

**အဖြေ။** ကျွန်ုပ်သည်လည်း အမှန်များနှင့်အမှားများ ပြုမိလိမ့်မည်မှာ သေချာပါသည်။ ကျွန်ုပ်၏ လူသားဘဝအားနည်းချက်များကို ဖုံးကွယ်၍မရပါ။ ကျွန်ုပ်၏သားသမီးများသည် အဆိုပါအားနည်းချက်များ မပြည့်စုံမှုများ၏ဒဏ်ကို ရံဖန်ရံခါ ခံစားကြရပါသည်။ သို့သော် ကျွန်ုပ်၏ခေါင်းဆောင်မှုပေးရမည့် တာဝန်ကိုမူ ကျွန်ုပ်မစွန့်လွှတ်နိုင်ပါ။ အကြောင်းမူ ကျွန်ုပ်သည်အဆုံးအစမဲ့သော ပညာနှင့်ထိုးထွင်းသိမြင်မှု မဲ့နေသေး၍ဖြစ်ပါသည်။ ထို့ပြင် ကျွန်ုပ်၏သားသမီးများတွင် ရှိနေသည့်ထက် ကျွန်ုပ်တွင်ရှိနေသည့်ပို၍များပြားသော အတွေ့အကြုံများနှင့် ပို၍ကောင်းမွန်သောအမြင်များကို အခြေခံ၍ဆုံးဖြတ်ချက်ချရပါသည်။ သူတို့သွားမည့်နေရာ ကျွန်ုပ်ရောက်ဖူးပါသည်။

ကျွန်ုပ်တင်ပြသည့် ဥပမာသည် ရိုင်းစိုင်းနေပါလိမ့်မည်။ ကျွန်ုပ်၏သားသမီးငယ်တွင် လွတ်မြောက်လိုသောဆန္ဒ ပြင်းပြနေသည့်ပူးသတ္တဝါ (ဟမ်မီဟုခေါ်ပါသည်) ကလေးတစ်ကောင်ရှိပါသည်။ သူသည် ညတိုင်းလိုလိုပင် လှောင်အိမ်သတ္တုချောင်းများကို ကိုက်ခဲ၍လည်းကောင်း လှောင်အိမ်တံခါးကို ဦးခေါင်းဖြင့်တွန်း၍လည်းကောင်း လွတ်မြောက်ရေးကြိုးပမ်းမှုဖြင့် အလုပ်များနေသည်ကို ကျွန်ုပ်ထိုင်၍စောင့်ကြည့်နေခဲ့မိသည်။ ထိုဒေါသထွက်နေသော သတ္တဝါကလေးအား ကျွန်ုပ်တစ်ဦးတည်းစောင့်ကြည့်နေခြင်းကား မဟုတ်ပါ။ မလှမ်းမကမ်းမှောင်ရိပ်ထဲမှ ထိုင်၍စောင့်နေသူတစ်ဦးအား ကျွန်ုပ်တို့အိမ်မှခွေးလေး ဆစ်ခ်မန်းပင်ဖြစ်ပါသည်။ သူ၏ထောင်၍စွင့်ကားနေသောနားရွက်များ စွေကြည့်နေသော မျက်လုံးများနှင့်အလျားလိုက်ထွက်နေသော လျှာတို့က သူ၏ကောက်ကျစ်သောအတွေးများကို ဖေါ်ပြနေသည်။ ဆစ်ဂျီက "ထွက်ခဲ့လေကွာ ချာတိတ်။ လွတ်မြောက်ဖို့ကြိုးစားလိုက်စမ်း။ သတ္တုချောင်းတွေကို ကိုက်ဖြတ်လိုက်ပါတော့လား။ လာခဲ့လေကွာ။ မင်းတစ်ခါမှ မကြုံဖူးသေးတဲ့ သည်းထိတ်ရင်ဖိုစွန့်စားခန်းလေးငါပေးမယ်" ဟု တွေးနေသရောင်ပင်။

ပူးကလေးသည် ကံမကောင်းအကြောင်းမလှစွာ လွတ်မြောက်သွားခဲ့ပါလျှင် သူ၏ပြင်းပြသည့် လွတ်မြောက်လိုသောဆန္ဒက သူ၏အသက်ဇီဝိန် ချုပ်ငြိမ်းခြင်းသို့ချက်ချင်း ပို့ဆောင်ပေးမည့်အရေးကို ကျွန်ုပ်စိတ်ဝင်စားစွာ တွေးနေခဲ့မိသည်။ ဟမ်မီတွင် သူ၏

မိုက်မဲသောဆန္ဒကို သတိပြုမိနိုင်သည့် အမြော်အမြင်မရှိပါချေ။ လူသား၏ အတွေ့အကြုံကို အသုံးချခြင်းသည် လွဲမှားပျောက်ဆုံးရန် ထင်ရှားသိသာ လွန်းလှပါသည်။ ထိုတိရစ္ဆာန်၏ ဇာတ်လမ်းက ကျွန်ုပ်အားပြောပြနေသကဲ့သို ပ တိတ်ဆိတ်စွာပင် ခေါင်းကိုခါရမ်းခဲ့မိပါ သည်။ အကယ်၍ ကျွန်ုပ်တို့ခွင့်ပြုခဲ့ပါလျှင် ကျွန်ုပ်တို့ကလေးငယ်များ၏ ပြင်းပြသောဆန္ဒများသည် ဘေးအန္တရာယ်များလှ ပေလိမ့် မည်။ သူတို့သည် ညဥ့်နက်သန်းကောင်မှ အိပ်ကြမည်။ ကျောင်းစာလည်းမလုပ်ကြ။ တီဗီမှအဆုံးမရှိသော ကာတွန်းဇာတ်လမ်းတွဲများကို ကြည့်ကြမည်။ ချောကလက်သီးစုံ ရေခဲမုန့်များကို ဒါဇင်လိုက်စားကြမည် စသည့်လမ်းကြောင်းများကို သူတို့ရွေးချယ်ကြပေလိမ့်မည်။ သို့ဆိုလျှင် လာမည့်နှစ်များတွင် မူးယစ်ဆေးဝါး၏ အန္တရာယ်ကိုဖြစ်စေ အကြားအလပ်မရှိသော အပျော်အပါးနှင့်လောင်းကစားခြင်းတို့ ၏ဘေးကိုဖြစ်စေ သူတို့သိမြင်နိုင်ကြမည် မဟုတ်ပေ။ သူတို့သည် ဟမ်မီကဲ့သို့ပင် မှောင်ရိပ်ထဲတွင် ချောင်းနေသော အန္တရာယ်များကို စူးစမ်းနိုင်သော အမြော်အမြင်နည်းပါးကြပါသည်။ လူငယ်များစွာတို့သည် သူတို့သည်ကြီးကျယ်သော အမှားကြီးများကို ကျူးလွန်နေ ကြောင်းမသိလိုက်မီပင် ဝါးမြိုခံလိုက်ကြရပေသည်။

ထို့နောက် ကျွန်ုပ်၏အတွေးများသည် ကျွန်ုပ်၏ဘုရားသခင်နှင့် ကိုယ်ပိုင်ဆက်ဆံရေးလမ်းကြောင်းမှ အတန်ငယ်အလှမ်းကွာ သွားခဲ့ပေသည်။ ဖြည့်ဆည်းပေးနေသော ဘေးအန္တရာယ်ကင်းရှင်း လုံခြုံမှုကိုလက်မခံဘဲ ကျွန်ုပ်၏လှောင်အိမ်တံခါးကို ဖွင့်ပေးပါရန် ဘုရားသခင်ထံ အကြိမ်မည်မျှ ဆုတောင်းခဲ့မိသည်ကို အံ့သြနေမိသည်။ အနာဂတ်တွင် ဘုရားသခင်၏ ဆန့်ကျင်ဘက်ပေးမည့် အဖြေ ကိုကြီးမားသော ကျေးနွံရှိသေမှုဖြင့် ကျွန်ုပ်ခံယူရန် ခိုင်မာစွာ သန္နိဋ္ဌာန်ချခဲ့မိပါသည်။ မေးထားသောမေးခွန်းကို ပြန်လည်ဖြေဆိုရလျှင် ကျွန်ုပ်၏သားသမီးများ ကိုယ်စားကျွန်ုပ်ချမှတ်သော ဆုံးဖြတ်ချက်များသည် အဆုံးမဲ့သောဉာဏ်ပညာကို ရောင်ပြန်ဟပ်ခြင်းမရှိပါ ကြောင်းအဆုံးမဲ့သော ဉာဏ်ပညာဖြင့် ပြုလုပ်ခြင်းမဟုတ်ပါကြောင်း ထပ်မံပြောကြားပါရစေ။ မည်သို့ပင်ဖြစ်စေ ထိုဆုံးဖြတ်ချက်များ သည် ကျွန်ုပ်၏ချစ်ခြင်းမေတ္တာနှင့် တတ်နိုင်သမျှ အကောင်းဆုံးဖြည့်ဆည်းပေးလိုသော ကျွန်ုပ်၏ပြင်းပြသောဆန္ဒတို့မှ စတင်ပေါက် ဖွားလာခြင်းသာ ဖြစ်ပါသည်။ ထိုမှတစ်ပါးလည်း ကျွန်ုပ်၏နေ့စဉ် ဘဝတွင် အဆုံးစွန်သောအကျိုးရလဒ်ကို စင်စစ်အားဖြင့် ဘုရား သခင်ထံတိုင်တည်ထားပြီး ဖြစ်ပါသည်။ သမ္မာကျမ်းစာတွင် ကိုးဆက်က အမျိုးသမီးတစ်ဦးအား “ဤမိန်းမသည် တတ်နိုင်သမျှပြုပြီ” (ရှင်မကုခရစ်ဝင် ၁၄း၈) ဟုမိန့်ဆိုသကဲ့သို့ပင် ဖြစ်ပါတော့သည်။